# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ စနေနေ့ (14-11-2015) (၈၁၈၄)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

## နှစ်နိုင်ငံ စီးပွားရေးရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေး

သတင်း စာမျက်နှာ - ၄

# ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေးစီမံကိန်း ရင်းနှီးတည်ဆောက်လိုသူများ ပြန်လည်ခေါ်ယူ



ရန်ကုန်ဘူတာကြီးနှင့် ပန်းရသည့် ရန်ကုန်မြို့မြင်ကွင်း။

သတင်း » ဆုနှင်းလဲ့

ဓာတ်ပုံ » ဖိုးခွား

ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ရင်းနှီးတည်ဆောက်လိုသူများ၏ အဆိုပြုလွှာပြန်လည်ခေါ်ယူခဲ့ပြီး နိုဝင်ဘာ ၆ ရက်တွင် နောက်ဆုံး သတ်မှတ်ရက်အဖြစ် တင်ဒါပိတ်ခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

မြန်မာ့မီးရထား အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ရန်ကုန်ဘူတာကြီး အဆင့်မြှင့်တင်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ရာ လိုအပ်ချက်များရှိနေသည့်အတွက် ထပ်မံခေါ်ယူခဲ့ရာတွင် ပြီးခဲ့သည့် နိုဝင်ဘာ ၆ ရက်က တင်ဒါခေါ်ယူမှုပိတ်ခဲ့ပြီး လက်ရှိတွင် ပြည်တွင်းပြည်ပကုမ္ပဏီပေါင်း ၅၀ ကျော် ပါဝင်ကြောင်း သိရသည်။

"ရန်ကုန်ဘူတာကြီး ဘက်စုံအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် စိတ်ပါဝင်စားမှု ဖော်ပြချက်(Expression of Interest-EOI) ပြန်လည်ခေါ်ယူထားပါတယ်။ ကုမ္ပဏီအားလုံး ၅၄ ခု ရှိပါတယ်။ ပြည်တွင်းကုမ္ပဏီပါသလို ပြည်ပကုမ္ပဏီလည်း ပါပါတယ်။ နိုဝင်ဘာလ ၆ ရက်မှာ တင်ဒါခေါ်ယူမှုပိတ်ပါတယ်။ အခုလက်ရှိမှာ ၅၄ ခု

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

# မဲခေါင်စကြံလမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံမှ လမ်းပိုင်းများအဆင့်မြှင့်တင်ရန် ချေးငွေ ကန်ဒေါ်လာ သန်း ၁၀၀ အာရှဖွံ့ဖြိုးရေးဘဏ်ပံ့ပိုးကူညီမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မဟာမဲခေါင်ဒေသခွဲ(GMS) အရှေ့-အနောက်စင်္ကြံလမ်းမကြီး၏ မချိတ်ဆက်မိသောလမ်းပိုင်းဖြစ်သည့် မြန်မာနိုင်ငံ ကရင်ပြည်နယ်ရှိ အိန္ဒူနှင့် ကော့ကရိတ်မြို့များအား ချိတ်ဆက်ပေးသော ၆၆ ဒသမ ၄ ကီလိုမီတာရှိ လမ်းပိုင်းတစ်ခုပြုပြင်မွမ်းမံရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) က ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀အား အတည်ပြုလိုက်ကြောင်း သိရသည်။

"ကရင်ပြည်နယ်ဟာ မပြည့်စုံတဲ့အခြေခံအဆောက်အအုံနဲ့ ဆင်းရဲမွဲတေမှုနှုန်းမြင့်မားတဲ့အထိ အကျိုးသက်ရောက်စေခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာကြာ ဂိုဏ်းဂဏဆိုင်ရာ ပဋိပက္ခဒဏ်ခံသင့်ပြည်နယ်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ မြေပြင်အခြေပြုကုန်သွယ်မှုဖြတ်သန်းရာ ၂၅ ရာခိုင်နှုန်းရှိတဲ့ ထိုင်းနိုင်ငံကို ချိတ်ဆက်ရာ အဓိကလမ်းမကြီးလည်းဖြစ်ပါတယ်"ဟု ADB ၏ အရှေ့တောင်အာရှဒေသဌာနမှ ပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်သူ ဂိုမ်းစ်လယ်သာက ပြောကြားသည်။ ယခု လမ်းမကြီး အဆင့်မြှင့်တင်မှုက

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖



## ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြေး

ဆူဒိုနင်

စာမျက်နှာ - ၁၇




**ကြေးမုံစာတည်းရှုထောင့်** **၁၄-၁၁-၂၀၁၅၊ စနေနေ့**

# တာဝန်ကျေသော ပြည်သူ့အား

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို စည်းကမ်းရှိရှိ တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ရာ၌ တာဝန်သိ၊ တာဝန်ကျေသော ပြည်သူများအား အထူးကျေးဇူးတင်ရမည်ဖြစ်သည်။

ထိုသို့တာဝန်ကျေခဲ့သူများတွင် ဝန်ထမ်းများဖြစ်သည့် အခြေခံပညာဆရာ ဆရာမများနှင့် အရပ်သား အထူးရဲများကိုလည်း အထူးအသိအမှတ်ပြုရမည်ဖြစ်သည်။ အဆိုပါပြည်သူ့ကိုယ်စား တာဝန်ထမ်းဆောင်ခဲ့ကြသည့် မဲရုံဝန်ထမ်းများသည် နိုင်ငံ၏အရေးကြီးနိုင်ငံရေးအလှည့်အပြောင်းဖြစ်သည့် ရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် တာဝန်ကျေခဲ့ကြသူများဖြစ်သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မိမိတို့ဆန္ဒဖြင့် တစ်နိုင်ငံလုံးမှ အထူးရဲတာဝန်ထမ်းဆောင်လိုသူ ပြည်သူ ၄၀၃၀၄ ဦးအား ခန့်အပ်ပေးခဲ့ပြီး ရွေးကောက်ပွဲလုံခြုံရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို မြင်တွေ့ရပါသည်။ တာဝန်ထမ်းဆောင်ခဲ့ကြသူများမှာ တက္ကသိုလ်ဘွဲ့ရ လေးရာခိုင်နှုန်း၊ အထက်တန်းအောင် ကိုးရာခိုင်နှုန်း၊ အထက်တန်းအဆင့် ၆၀ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် ၂၇ ရာခိုင်နှုန်းပါဝင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

အဆိုပါ လေးသောင်းကျော်သော အထူးရဲများကို ရဲတပ်ဖွဲ့ဝင်များရွေးချယ်ခြင်းအင်္ဂါရပ်များနှင့်အညီ ကျန်းမာရေးကောင်းခြင်း၊ ခြေမခွင်ခြင်း၊ ဥပဓိရုပ်ကောင်းခြင်း စသည့် အချက် ၁၂ ချက်ဖြင့် ရွေးချယ်ခဲ့ပြီး သင်တန်းတွင် လက်နက်မဲ့စစ်ရေးပြနည်း၊ လူ့အခွင့်အရေး၊ ရဲကျင့်ဝတ်၊ ပြည်သူလူထုပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစဉ်၊ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံချက်၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့ကို သင်ကြားပေးပြီးမှ တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အထူးရဲများအား ပြန်လည်လေ့လာကြည့်သောအခါ အများစုမှာ အရပ်သားများဖြစ်ကြပြီး မြို့နယ်အလိုက် အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ စသည့်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ဖူးသူများဖြစ်ကြသည်ကို တွေ့ရပြီး ကျန်အထူးရဲများမှာ ပညာသင်ကြားဆဲကျောင်းသားအရွယ်နှင့် အလုပ်သမားအရွယ်များလည်းပါဝင်သည်ကိုတွေ့ရသည်။

အလုပ်တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ရာ၌ ငွေကြေးရရှိလိုမှု၊ အလုပ်အကိုင်မရှိမှုနှင့် ဝါသနာပါမှုဟူသည့် ရည်ရွယ်ချက် သုံးမျိုးရှိတတ်ရာတွင် ဝါသနာအရလုပ်ကိုင်ဆောင်ရွက်ခြင်းသည် လုပ်ငန်းအတွက် အကောင်းဆုံးဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။ ယခုအထူးရဲများအဖြစ် ဆောင်ရွက်ကြရာ၌ အများစုမှာ ယင်းလုပ်ငန်းကိုစိတ်ဝင်စားသောကြောင့်လည်းကောင်း၊ ရဲလုပ်ငန်းကို ဝါသနာပါသောကြောင့်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို မြင်တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ မိမိလုပ်ကိုင်မည့်အလုပ်ကို စိတ်ဝင်စားသောကြောင့် လုပ်ကိုင်ခဲ့ကြသူဖြစ်၍ အမှန်တကယ်တွင်လည်း လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ရဲလုပ်ငန်းများကို စိတ်ဝင်စားမှုရှိသည့် ဤအထူးရဲများအား အသိအမှတ်ပြုရမည်ဖြစ်သလို ရရှိခဲ့သော အတွေ့အကြုံများဖြင့် နိုင်ငံ့အကျိုးအတွက် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ကြစေရန် ဆန္ဒပြုပါသည်။

အထူးရဲများအဖြစ် တစ်ပတ်ကြာသင်တန်းတက်ရောက်ခဲ့ပြီး မဲပေးခြင်းလုံခြုံရေးတာဝန်များအား အောက်တိုဘာလ ၁၅ ရက်နေ့မှစတင်ထမ်းဆောင်ခဲ့ရာ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပြီးဆုံးသွားပြီး မိမိတို့နေရင်းဌာနေသို့ ပြန်ကြပြီဖြစ်သည်။ တာဝန်ကျေပွန်ခဲ့မှုနှင့် အတွေ့အကြုံကောင်းများသည် ၎င်းတို့နှင့်နိုင်ငံအတွက် တန်ဖိုးများစွာရှိခဲ့ပေသည်။

ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသောမျက်မှောက်ကာလတွင် ပြည်သူလူထုနှင့်အမြဲထိတွေ့ရသည့် ရဲလုပ်ငန်းစနစ် အားကောင်းရေးနှင့် ခေတ်မီရဲတပ်ဖွဲ့တည်ဆောက်ရေးသည် လွန်စွာအရေးကြီးသဖြင့် ရဲလုပ်ငန်းဆိုင်ရာ အတွေ့အကြုံကောင်းများရရှိခဲ့သော ရဲလုပ်ငန်းကို ဝါသနာပါသည့် အထူးရဲများအဖြစ်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအဖြစ် ဆက်လက်လိုအပ်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

# မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ အခမဲ့သင်တန်း နှစ်ပတ်ကြာ ဖွင့်လှစ်မည်

**မန္တလေး နိုဝင်ဘာ ၁၃**

မြန်မာ့ရုပ်စုံသဘင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ နှစ်ပတ်သင်တန်းကို နိုဝင်ဘာ ၁၆ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါသင်တန်းအား မြန်မာနိုင်ငံရုပ်စုံသဘင်အသင်း (MMO) မှ စီစဉ်ဖွင့်လှစ်မည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေးမှ မြန်မာ့ရုပ်စုံ၊ ရုပ်သေးပညာရှင်များ၊ ရန်ကုန်၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်တို့မှ သင်ကြားမှုကျွမ်းကျင်သူ အငြိမ်းစားဆရာဆရာမကြီးများနှင့် ပြည်ပယဉ်ကျေးမှုဆိုင်ရာပညာရှင်များ ပူးပေါင်းပါဝင်သင်ကြားပို့ချမည်ဖြစ်သည်။

မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ သင်တန်းနှစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ရာ အရွေးချယ်ခံရသော သင်တန်းသားများသည် နှစ်ကြိမ်စလုံး တက်ရောက်ကြရမည်ဖြစ်သည်။ မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ သင်တန်း၏ ပထမအကျော့သင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၂၉ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒုတိယအကျော့သင်တန်းကို ၂၀၁၆ ခုနှစ် မတ် ၂၁ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါသင်တန်းအား ကမ္ဘာ့ရုပ်စုံသဘင်ပညာလောကတွင် အထင်ကရရှိလှသော မြန်မာ့ရိုးရာရုပ်စုံ အနုပညာအား ရှိခဲ့ပြီးသော မူလအခြေအနေအတိုင်း တီထွင်ဆန်းသစ်သော အစီအစဉ်များဖြင့် ဆက်လက်ထိန်းသိမ်းသွားနိုင်စေရန်၊ မြန်မာ့ရုပ်စုံသဘင်ပညာ၏ နက်နဲသော အတတ်ပညာ ပေါင်းစုံတို့အား ကွဲပြားခြားနားသောဒေသအသီးသီးမှ မျိုးဆက်သစ် အနုပညာရှင် လူငယ်၊ မောင်မယ်များအား လွှဲပြောင်းနိုင်စေရန်၊ ရှေးမြန်မာရုပ်စုံသဘင်ပညာအား တစ်ဖန်ပြန်လည်ဆန်းသစ်စေပြီး ယနေ့ပစ္စုပ္ပန်ကာလ လူမှုအသိုင်းအဝိုင်းနှင့် ဆက်စပ်ပတ်သက်သော ကိစ္စအသီးသီး၌ မြန်မာ့ရုပ်စုံသဘင် ပညာရပ်အား အသုံးချလျက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် ပြည်တွင်း မြန်မာ့ရုပ်စုံပညာရှင်များအကြား သင်ကြားသင်ယူနိုင်စွမ်းသော အလေ့အကျင့်များ တိုးတက်လာစေပြီး နိုင်ငံတကာသို့ ချိတ်ဆက်နိုင်စွမ်းသော အခြေခံကောင်းများ ရှင်သန်ဖွံ့ဖြိုးလာစေရန်၊ မြန်မာနှင့် နိုင်ငံတကာ ရုပ်စုံသဘင်ပညာရှင်များအချင်းချင်း အတွေ့အကြုံဗဟုသုတများ ပူးပေါင်းဖလှယ်နိုင်စေသော နိုင်ငံတကာ မြန်မာ့ရုပ်စုံသဘင်ပွဲတော် နှစ်စဉ်ကျင်းပနိုင်စေရန် အစရှိသည့် ရည်ရွယ်ချက်များထားရှိကာ တီထွင်ကြံဆမှုရှိသော သင်ကြားသင်ယူမှု နည်းလမ်းကောင်းများ ရှာဖွေဖော် ထုတ်နိုင်စေရန်နှင့် မြန်မာ့ရုပ်စုံသဘင်ဆိုင်ရာ အသိပညာဖြန့်ဝေခြင်းများအား ရိုးရာယဉ်ကျေးမှု အနုပညာရပ်ဝန်းအတွင်း လုပ်ကိုင်လျက်ရှိသူများ အတူတကွပူးပေါင်းနိုင်စေရန်အတွက် ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားရမည်ဖြစ်ပြီး သင်ကြားမည့် ဘာသာရပ်များမှာ မြန်မာ့ရုပ်စုံသဘင်သမိုင်း၊ မြန်မာ့ရုပ်စုံအရုပ်များနှင့် တင်ဆက်ကပြဖျော်ဖြေမှု၊ ရုပ်သေးသဘင်နှင့် ထိန်းသိမ်းစောင့်ရှောက်မှု၊ တီထွင်မှု၊ နိုင်ငံတကာရုပ်စုံပညာရပ်ဆိုင်ရာအခန်းကဏ္ဍနှင့် မြန်မာ့ရုပ်စုံအရုပ်များကြိုးဆွဲပုံတို့ဖြစ်သည်။

အဆိုပါသင်တန်းအတွက် Swiss ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) မှ အဓိကကူညီပံ့ပိုးပေးထားပြီး Goethe Institute Myanmar, Myanmar Upper Land culture & travel မှ မြန်မာ့ ရုပ်စုံသဘင်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၁၅-၂၀၁၆ စီမံကိန်းရေးဆွဲကာ အခမဲ့သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ (၀၀၂)




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်(ရွှေဈေး) - ၇၄၇၈၀၀ - ၇၄၈၈၀၀၊ မန္တလေး(ရွှေဈေး) ၇၄၇၀၀၀ - ၇၄၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၇၀/၇၉၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၉၀. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၂. ၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၉၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃. ၉၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၀. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၀၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၈. ၀၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၇. ၃၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝင်းရိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးမွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

ပြည်တွင်းရေးရာ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ
ဒေါ်အောင်ဆန်းစုကြည်။

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွှတ်တော်ကိုယ်စားလှယ်အများစု အနိုင်ရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၉ ရက်မှ စတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့ည ၉ နာရီအထိ ထုတ်ပြန်ကြေညာမှုများအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄၇ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၃၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၅၉ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၈၅၁ ဦး အနိုင်ရရှိခဲ့ကြသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၇ ဦးအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်းတွင် ကိုယ်စားလှယ် ၃၇၈ ဦး အနိုင်ရရှိခဲ့ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အရေအတွက်၏ ထက်ဝက်ကျော်သွားပြီဖြစ်၍ အစိုးရဖွဲ့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေပြည်တော်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

အများအားဖြင့် သာယာမည်။

## ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# ဘယ်ရွေးကောက်ပွဲဖြစ်စဉ်မှ ပြီးပြည့်စုံတယ်ဆိုတာ မရှိခဲ့ပါဘူး...

**မစ္စတာ ဒဲရစ်မစ်ချယ်၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး**



**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် သံအမတ်ကြီး၏ ဖြေကြားမှုများကိုဖော်ပြလိုက်ပါသည်-

"မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကြီးက အောင်အောင်မြင်မြင် ချောချောမွေ့မွေ့နဲ့ ပြီးဆုံးသွားခဲ့တယ်လို့ မြင်ပါတယ်။ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အကျိုးရလဒ်တွေဖြစ်လာမယ့်အပြင် မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက်လည်း အလားအလာကောင်းတစ်ခုဖြစ်ပါတယ်။ ပြောင်းလဲမှုဖြစ်စဉ်များထဲက အရေးကြီးတဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။

နိုင်ငံခေါင်းဆောင်တွေက ပြည်သူတွေနဲ့လက်တွဲပြီး လူမှုရေး၊ စီးပွားရေးစတဲ့ အခန်းကဏ္ဍတွေမှာ ဘယ်လိုရှေ့ဆက်ကြမလဲဆိုတဲ့ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့ လိုပါတယ်၊ အဲဒီလို ရှေ့ဆက်ကြမယ့်အခါမှာ စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်ကြရမှာ မလွဲမသွေပါပဲ" ဟု ပြောကြားသည်။

ဆက်လက်၍ "အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားဘဝတွေ၊ ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်မျိုးနဲ့ ငြိမ်းချမ်းရေး ထူထောင်ရေးကိစ္စတွေမှာ အကူအညီတွေ ပေးနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေထဲက မကြာမီက လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ရေလွှမ်းမိုးမှုဖြစ်စဉ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကြီး ပြီးစီးခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ပြောင်းလဲမှုဖြစ်စဉ်တွေ ဉပမာ"ရခိုင်ပြည်နယ်ကိစ္စမျိုးတွေကို ဆက်လက်စောင့်ကြည့်လေ့လာသွားမှာ ဖြစ်ပါတယ်"။

"ယခုပြီးခဲ့တဲ့ ရွေးကောက်ပွဲကို တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသလားလို့ မေးခဲ့ရင် ဘယ်ရွေးကောက်ပွဲဖြစ်စဉ်မှ ပြီးပြည့်စုံတယ်ဆိုတာ မရှိခဲ့ပါဘူး။ မြန်မာနိုင်ငံမှာမှ မဟုတ်ပါဘူး။ ကျွန်တော်တို့အမေရိကန်ပြည်ထောင်စုမှာလည်း အဆင်ပြေချောမွေ့တာ မဟုတ်ပါဘူး။ အခုလိုမျိုး အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်နိုင်ခဲ့တာ မယုံနိုင်စရာ ကောင်းလှပါပြီ။ ဒီရွေးကောက်ပွဲက အတွေ့အကြုံတွေကို အခြေခံပြီး နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ ပိုကောင်းအောင် ဆက်လုပ်ဖို့ပဲရှိပါတယ်"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

### ✱ ရွှေ့ဖုံးမှ

ခေါ်ထားပါတယ်။ ပြီးရင်တော့ ပြန်စိစစ်မှာ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရထားပို့ဆောင်ရေးလုပ်ငန်းများသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရီးစဉ်အချို့မှာ အရှုံးပေါ်မှုများရှိကြောင်း သိရသည်။ ယင်းကို နိုင်ငံတော်မှ အရှုံးခံ ထောက်ပံ့ဆောင်ရွက်နေခြင်းဖြစ်ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများ အဆင့်မြင့်တင်နိုင်ရန်အတွက် ရထားနှင့်ဆက်စပ်နေသော နေရာများ၊ ရထားပိုင်မြေများတွင် စီးပွားရေးအဆောက်အအုံများ၊ အခြားသော အဆင့်မြင့်လုပ်ငန်းများ၊ အဆင့်မြင့်လူနေအိမ်ရာများကဲ့သို့ ဆောက်လုပ်၍ ဝင်ငွေရရှိရန်နှင့် ရထားပို့ဆောင်ရေးကဏ္ဍများတွင် အဆင့်မြင့်တင်မှုများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်ဘူတာကြီးအပါအဝင် ရန်ကုန်မြို့ပတ်ဘူတာအချို့တွင် အဆင့်မြှင့်တင်ရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်ဘူတာကြီးယာဒ်ဝင်းနယ်မြေကို မဟာရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရပြီး ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ဧရိယာ ၂၅ ဒသမ ၇၄၆ ဟက်တာ(၆၃ ဒသမ ၆၂၂ ဧက)ပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ရေးစနစ်များပါဝင်မည့် စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းကလည်း EOI ခေါ်ယူမှုပြုလုပ်ခဲ့ပြီး မြန်မာ့မီးရထား၏ မျှော်မှန်းချက်များနှင့် သတ်မှတ်ချက်များ ပြည့်မီခြင်းမရှိသည့်အတွက် တင်ဒါပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စိတ်ဝင်စားမှု တင်ပြလာသော အဆိုပြုချက်များကို ကျွမ်းကျင်သူများ၊ အကြံပေးများနှင့် စနစ်တကျ စိစစ်သွားမည်ဟု သိရပြီး ကြေညာချက်ထုတ်ပြန်ပေးသွားမည်ဟု သိရသည်။

"ဘူတာကြီးနေရာက တကယ့်ကို အချက်အချာပါပဲ။ နေရာတွေလည်း အများကြီးရှိပါတယ်။ စိတ်ဝင်စားမှုလည်းရှိတဲ့အတွက် တင်ပြထားပါတယ်။ ဒါပေမယ့် စီမံကိန်းတစ်ခုကို ကုမ္ပဏီတွေအများကြီးကို ခွဲလုပ်စေတာထက်စာရင် တစ်ခုတည်းကို လုပ်စေတာက ပိုပြီး ထိရောက်အောင်မြင်မယ်လို့ ထင်ပါတယ်။ ရှုံးတဲ့နေရာရှိသလို မြတ်နိုင်တဲ့နေရာလည်း ရှိနိုင်မှာပါ။ ဒါမှ သေသေချာချာ တွက်ဆ တင်ပြနိုင်မှာပါ။ ရွေးချယ်တဲ့အပိုင်းကတော့ သက်ဆိုင်ရာနဲ့ပဲဆိုင်ပါလိမ့်မယ်" ဟု ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

### ❖ မဲခေါင်မှ

မဟာမဲခေါင်ဒေသခွဲ (GMS) အရှေ့-အနောက် စင်္ကြံလမ်းမကြီး၏ မြန်မာနိုင်ငံရှိလမ်းပိုင်းများအတွက် တိုးတက်မှုများဖြစ်စေသလို နိုင်ငံတော်အတွက် စီးပွားရေးအခွင့်အလမ်းသစ်များ ပွင့်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည် ။ အဆိုပါ စီမံကိန်းမှာ GMS ၏ လမ်းကွန်ရက်စံချိန်စံနှုန်းများနှင့်အညီ ရှိရင်းစွဲနှစ်လမ်းသွားလမ်းမကြီးကို ပြုပြင်မွမ်းမံသွားမည်ဖြစ်သည်။

ယာဉ်ပိတ်ဆို့မှုလျော့နည်းစေရန်နှင့် လမ်းမကြီးအန္တရာယ် ပိုမိုကင်းစေရန် လမ်းပိုင်းအချို့အား ဦးတည်ချက်ပြောင်းမည်ဖြစ်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားရာဒေသများ၌ ရေမြောင်းများတည်ဆောက်ခြင်းအပါအဝင် ရာသီဉတုဒဏ်ခံလမ်းစနစ်များ ထည့်သွင်းပေါင်းစပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးကွန်ရက်မြှင့်တင်မှုတစ်ရပ်အဖြစ် ကျိုင်းဒိုးမြစ်ဆိပ်ကမ်းသို့ ဝင်ရောက်ရာလမ်းမကြီးတစ်ခုကို ပြန်လည်တည်ဆောက်မည်ဖြစ်သည်။ (GMS) အရှေ့-အနောက် စင်္ကြံလမ်းမကြီး၏ မြန်မာနိုင်ငံရှိ လမ်းပိုင်းများ ပြုပြင်မွမ်းမံမှုပြီးစီးပါက မော်လမြိုင်နှင့် ရန်ကုန်မြို့တော်အား ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့နှင့် ချိတ်ဆက်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းနှင့်အတူ ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ထိစပ်နေသည့် ကော့ကရိတ်နှင့် မြဝတီကို ချိတ်ဆက်ပေးသော လမ်းမကြီးပြုပြင်မွမ်းမံရေး ထိုင်းအစိုးရက သီးခြားပံ့ပိုးပေးလျက်ရှိသလို ရန်ကုန်- မော်လမြိုင်အဝေးပြေးလမ်းမကြီးနှင့် အိန္ဒြကြားလမ်းပိုင်းအား မြန်မာပုဂ္ဂလိကကုမ္ပဏီက (BOT) စနစ်ဖြင့် ပြန်လည်ပြုပြင်လျက်ရှိသည်။ **(သုတ)**



### ❍ မြန်မာ-ထိုင်းမှ

ဖိုးလပြည့်(မြန်မာ)နှင့် ဖားမော်ခွန်း(ထိုင်း)၊ စိုးလင်းဦး(မြန်မာ)နှင့် လက်ပူလီလိတ်(ထိုင်း)၊ မိုက်ရိုင်း(မြန်မာ)နှင့် ပိုင်စီထောင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပြီး ၁၂ ရက် တတိယနေ့ပွဲစဉ်တွင် သွေးသစ်ဝင်းလှိုင်(မြန်မာ)နှင့် ဖားမီချိုင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ သုံးချီမြောက်အပြန်အလှန် အကြိတ်အနယ်ထိုးသတ်ကြပြီး လေးချီမြောက်တွင် သွေးသစ်ဝင်းလှိုင်က ဖားမီချိုင်းကို အလဲထိုးအနိုင်ရခဲ့ကြောင်းနှင့် ရိုးရာအောင်လံဗိုလ်လုပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❒

# နှစ်နိုင်ငံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးစွာဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအခြေအနေများနှင့် နှစ်နိုင်ငံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါ်လဲ့လဲ့သိန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီး Takeshi HARA လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်ရုံးသတင်းထုတ်ပြန်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုလွှတ်တော်ရုံး
## သတင်းထုတ်ပြန်ချက် (၇/၂၀၁၅)

**၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်**
**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ရက်**

၁။ လွှတ်တော်အသီးသီး၏ ဒုတိယသက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ထိုသို့ အောင်မြင်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန် တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ရွေးကောက်ပွဲကော်မရှင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ပြည်တွင်း/ပြည်ပဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားပြည်သူများအားလုံးကို ပြည်ထောင်စုလွှတ်တော်ကိုယ်စား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

၂။ ရွေးကောက်ပွဲရလဒ်များကို အခြေပြု၍ ဆက်လက်ဆောင်ရွက်ပေးရမည့် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပူးပေါင်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**(ပုံ)သူရရွှေမန်း**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**

# ပြည်သူ့ဝန်ဆောင်မှုရုံး မင်္ဂလာဒုံမြို့နယ်၌ ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS) ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်မြင့်နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဖွင့်ပွဲတွင် OSS ရုံးတွင် ပါဝင်သော ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ ၁၀ ခုဖြင့် ဖွဲ့စည်းထားပြီး ပြည်သူအတွက် OSS ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့နယ်ရှိပြည်သူများ၏ လိုအပ်ချက်များကို တစ်နေရာတည်း၊ တစုတစည်းတည်း အချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း သိရသည်။

**(ဒွေးကြိုင်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး မီဒီယာစင်တာ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် တက်ရောက်၍ ရှင်းလင်းဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် ဦးမြင့်နိုင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၃၂၃ နေရာတွင် ၂၉၈ နေရာနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာတွင် ၁၅၄ နေရာ ကြေညာပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာ ၆၃၀ တွင် နေရာ ၅၅၀ နှင့် တိုင်းရင်းသားလူမျိုး လွှတ်တော် ၂၉ နေရာတွင် ၁၇ နေရာ ကြေညာပြီး ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲရလဒ်များကို ၈၉ ရာခိုင်နှုန်း ကြေညာပြီးဖြစ်ကြောင်း၊ နေ့စဉ် မြို့နယ်များမှ တင်ပြချက်များအပေါ် စိစစ်ပြီး ထုတ်ပြန်ပေးလျက်ရှိရာ ထပ်မံထုတ်ပြန်ရန် အနည်းငယ်သာကျန်ရှိကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အနိုင်ရသည့် လွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော်ကိုယ်စားလှယ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ကြေညာပြီး ၄၅ ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက် အစီရင်ခံစာကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အပြီးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။



ယနေ့ညနေ ၄ နာရီအထိ မဲရလဒ်ထုတ်ပြန်ပြီးစီးမှု အခြေအနေမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၃ ဦးတွင် ၂၉၈ ဦး၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သဖြင့် ၉၂ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးတွင် ၁၅၄ ဦး၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သဖြင့် ၉၂ ရာခိုင်နှုန်းနှင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၁၂၁ ဦးတွင် ၁၀၉၉ ဦး ထုတ်ပြန်ပြီးဖြစ်၍ ၈၉ ရာခိုင်နှုန်း ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❖

# အမေရိကန်ပြည်ထောင်စုနှင့် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးရလဒ် ထွက်ပေါ်လာနိုင်ရေး ဆွေးနွေး





**နေပြည်တော် နိုဝင်ဘာ ၁၃**

ပါတီစုံဒီမိုကရေစီစနစ်၏ ဒုတိယသက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးအား အောင်မြင်စွာကျင်းပ နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရန်မှာ တပ်မတော်၏ ဆန္ဒပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တာဝန်ရှိသူများ၏ လုပ်ဆောင်ချက်များအပေါ် ပြည်တွင်းပြည်ပမှ သံသယ ရှိကောင်းရှိနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့ တာဝန်ယူလုပ်ဆောင်ခဲ့သည့် သက်တမ်းတွင် တိုးတက် အောင်မြင်မှုကိုပြသရန် တာဝန်ရှိပြီး တပ်မတော်အနေဖြင့် လည်း ပြည်သူကိုကာကွယ်စောင့်ရှောက်မှု၊ ပြည်သူ့ အကျိုးစီးပွားဖော်ဆောင်မှုနှင့် တိုင်းပြည်၏ လုံခြုံမှု ဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတွင် လုပ်ဆောင်ချက်များဖြင့် သက်သေပြရ မည်ဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲနှင့် ပတ်သက်၍ စတင်ဆောင်ရွက်ချိန်မှ ရွေးကောက်ပွဲကာလအထိ မိမိတို့အနေဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ခဲ့ပြီး သံသယကင်းပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E.Mr. Derek Mitchell အား လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးစဉ် အထွေထွေရွေးကောက်ပွဲ လွတ်လပ်မျှတစွာဖြင့် အောင်မြင်စွာကျင်းပနိုင်မှုနှင့် ပြည်တွင်းပြည်ပစောင့်ကြည့်လေ့လာနိုင်မှု၊ ဆန္ဒမဲရလဒ် အတည်ပြု ထုတ်ပြန်နိုင်မှုအခြေအနေများ၊ ဆန္ဒမဲရလဒ်အား အတည်ပြုပြီးနောက်ပိုင်း ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်မည့်အခြေအနေ၊ လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မှုနှင့် ဆက်လက်လုပ်ဆောင်ရန် များ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေ၊ အမေရိကန်ပြည်ထောင်စုနှင့် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့်ဆက်ဆံရေး ရလဒ်ထွက်ပေါ်လာနိုင်မှုတို့အား ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

# ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေး နည်းဥပဒေများအား အသေးစိတ်ကြည့်ရှုနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၈၀၆/၂၀၁၅ ဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနည်းဥပဒေ အား ထုတ်ပြန်ခဲ့သည်။ အဆိုပါနည်းဥပဒေတွင် ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းအစုရှယ်ယာရောင်းချမည့် စာရင်းဝင်ကုမ္ပဏီနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရန်ကုန် စတော့အိတ်ချိန်းနှင့် ကောင်တာဈေးကွက်ဆိုင်ရာ သတ်မှတ်ချက်များ၊ သတင်းအချက်အလက်များအား စဉ်ဆက်မပြတ် ထုတ်ဖော်ပြသခြင်းဆိုင်ရာကိစ္စရပ်များ တားမြစ်ချက်နှင့် ပြစ်ဒဏ်များပါဝင်သည်။ ယင်းနည်းဥပဒေ အပြည့်အစုံကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mof. gov.com နှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် ကြည့်ရှု နိုင်သည်။

**(သတင်းစဉ်)**

# မြန်မာ-ဂျပန် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရွေးကောက်ပွဲ ရလဒ်ကြောင့် ဖြစ်စေ၊ အခြားတစ်ခုခုကြောင့်ဖြစ်စေ တပ်မတော်အနေဖြင့် နောက်ကြောင်း ပြန်လှည့်ရန်မရှိဘဲ အနာဂတ်တွင် လက်ရှိသွားနေသည့် နိုင်ငံရေး လမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရေး၊ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိ သည့်အဖွဲ့များအား ပါဝင်လာစေပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင် ရွက်ရေးနှင့် တိုင်းပြည်တစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရှိရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဝိုင်းဝန်း ဆောင်ရွက်ရာတွင် တပ်မတော်မှ လည်း ပူးပေါင်းပါဝင်လုပ်ဆောင်ရေး တို့အား ဆက်လက်လုပ်ဆောင်သွား မည်ဖြစ်ကြောင်း၊ တပ်မတော် အနေဖြင့် နောင်ဖြစ်ပေါ်လာမည့် အစိုးရနှင့်လက်တွဲ၍ တိုင်းပြည် ကောင်းအောင် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဘုရင့်နောင် ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာ နိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI အား



လက်ခံတွေ့ဆုံစဉ် ထည့်သွင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးစဉ် လွတ်လပ်၍ မျှတသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်မှုနှင့် ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲ အပေါ် ထင်မြင်ယူဆချက်၊ သုံးသပ် ချက်များ၊ ရွေးကောက်ပွဲရလဒ်ပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ရာ တွင် တပ်မတော်၏ အခန်းကဏ္ဍများ၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး မူဝါဒနှင့် ဆက်ဆံရေးအခြေအနေ များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေး၊ နှစ်နိုင်ငံကာကွယ်ရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေး ခဲ့ကြသည်။

**(မြဝတီ)**

**✻ ကမ္ဘာလှည့်ခရီးသွားမှ**

ကလေး-ကလေးဝ-မော်လိုက်-ကင်းတပ်-စစ်တောင်-ဖောင်းပြင်-ယုဝ-ဟဲလျှောင်-သောင်ထွဋ်-ဟုမ္မလင်း-ထမံသီ-ခန္တီးများသို့လည်းပတ်ပြီး မြန်မာ့ လူနေမှုဓလေ့စရိုက်များ၊ မြစ်ကြောင်းတစ်လျှောက် အလှအပရှုခင်းများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို သွားရောက်လေ့လာခဲ့သည်။

ထို့အပြင် Silver Hills Travels & Tours Co.,Ltd. ၏စီစဉ် ဆောင်ရွက်မှုဖြင့် အိန္ဒိယနိုင်ငံသား အဖွဲ့ဝင်ခြောက်ဦးတို့သည် အောက်တိုဘာ ၂၀ ရက်တွင် မော်တော်ယာဉ် နှစ်စီး၊ မော်တော်ဆိုင်ကယ် တစ်စီးဖြင့် တမူးမြို့မှ ဝင်ရောက်လာပြီး မုံရွာ- မန္တလေး-ပုဂံ-ကလော-ညောင်ရွှေ-နေပြည်တော်-ရန်ကုန်မြို့များသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြပြီး အောက်တိုဘာ ၂၈ ရက်တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည် ထွက်ခွာသွားသည်။

ကမ္ဘာလှည့်ခရီးသွားများသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာနိုင်ငံသို့ စဉ်ဆက်မပြတ် ဝင်ရောက်လည်ပတ်၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အနုပညာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝ အလှအပရှုခင်းများ၊ လက်မှုပညာရပ်များနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဓလေ့စရိုက်များကို တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့် သော်လည်းကောင်း မော်တော်ယာဉ်တန်းခရီးစဉ်များ၊ မော်တော်ဆိုင်ကယ် ယာဉ်တန်းခရီးစဉ်များ၊ စက်ဘီးယာဉ်တန်းခရီးစဉ်များအပြင် ရေကြောင်း ခရီးစဉ်များဖြစ်သော ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် ခရီးစဉ်များကိုလည်း မြစ်တွင်းသွား အပျော်စီးသင်္ဘောများဖြင့် လာရောက်လည်ပတ်မှုများ ပိုမိုတိုးတက်များပြားလာကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

**❖ ချောင်းသာမှ**

ချောင်းသာကမ်းခြေ သန့်ရှင်းသာယာလှပရေးအတွက် ရေနုတ်မြောင်း၊ မြေအောက်မြောင်းများ ဖောက်လုပ်မှုအကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးပါက ဟိုတယ်များ၊ စားသောက်ဆိုင်များမှ စွန့်ထုတ်မည့် အညစ်အကြေး များအား စနစ်တကျစွန့်ပစ်နိုင်ရန် ရွှေသောင်ယံမြို့ စည်ပင်သာယာရေး ကော်မတီ၊ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ ရွှေသောင်ယံမြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်း နှင့် ဒေသခံပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-သီသီမင်း)**

# မြန်မာနိုင်ငံ စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့်အဖွဲ့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် အသင်းဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်က အသင်းရုံး၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသား စောချစ်)က အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ ချောမွေ့ အောင်မြင်ရေးအတွက် အသင်းဝင်တိုင်း စည်းလုံးညီညွတ် ရေးနှင့် ဒုတိယအကြိမ် ညီလာခံကြီးအောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ထစ်ချုန်းရွာနေမည်။

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အနိုင်ရတိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှအဆက်)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၄၉၅။ | ကချင်ပြည်နယ် | ဆော့လော်(၁) | ဒေါ်လွမ်းလွမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၉၈ |
| ၄၉၆။ | ကချင်ပြည်နယ် | ဆော့လော်(၂) | ဒေါ်ခေါ်မာဝူ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၆၇၀ |
| ၄၉၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ဖောင်းပြင်(၁) | ဦးမောင်မောင်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၂၉၈ |
| ၄၉၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဖောင်းပြင်(၂) | ဦးခင်မောင်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁၇၁၈ |
| ၄၉၉။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်(၁) | ဦးခင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၇၇၇ |
| ၅၀၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်(၂) | ဦးဟိုပင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၅၄၁ |
| ၅၀၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်(၁) | ဦးဖြိုးဝင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၁၇၅ |
| ၅၀၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ်(၂) | ဒေါ်ရီရီချို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၂၄၂ |
| ၅၀၃။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော(၁) | ဦးကျော်မင်း(ခ) ဦးဖိုးမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၅၅၀ |
| ၅၀၄။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော(၂) | ဦးကြည်လှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၃၅၂ |
| ၅၀၅။ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်း(၁) | ဦးဆွေမြင့်(ခ) မန်းဆွေမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၀၃၆ |
| ၅၀၆။ | တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်း(၂) | ဦးတင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၈၂၄ |
| ၅၀၇။ | ပဲခူးတိုင်းဒေသကြီး | ရေတာရှည်(၁) | ဒေါက်တာကျော်ကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၈၆၆ |
| ၅၀၈။ | ပဲခူးတိုင်းဒေသကြီး | ရေတာရှည်(၂) | ဦးဝင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၅၉၅ |
| ၅၀၉။ | ပဲခူးတိုင်းဒေသကြီး | ဖြူး(၁) | ဦးသက်စိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၂၀၄ |
| ၅၁၀။ | ပဲခူးတိုင်းဒေသကြီး | ဖြူး(၂) | ဒေါ်နွယ်နီဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၃၅၇ |
| ၅၁၁။ | ပဲခူးတိုင်းဒေသကြီး | ပြည်(၁) | ဦးသက်ဝင်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၈၃၇ |
| ၅၁၂။ | ပဲခူးတိုင်းဒေသကြီး | ပြည်(၂) | ဦးကျော်ဇေယျ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၅၇၄ |
| ၅၁၃။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်(၁) | ဦးမျိုးသစ်(ခ)ဦးပါလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၆၈၄ |
| ၅၁၄။ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်(၂) | ဦးစောသောင်းတင်(ခ) ဦးသောင်းတင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၆၂၈ |
| ၅၁၅။ | မန္တလေးတိုင်းဒေသကြီး | ရမည်းသင်း(၁) | ဦးဇော်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၈၅၂၀ |
| ၅၁၆။ | မန္တလေးတိုင်းဒေသကြီး | ရမည်းသင်း(၂) | ဦးကျော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၃၅၀၇ |
| ၅၁၇။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (အရှေ့ပိုင်း)(၁) | ဦးတင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၂၉၉ |
| ၅၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (အရှေ့ပိုင်း)(၂) | ဦးကျော်ကျော်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၇၂၉ |
| ၅၁၉။ | ရှမ်းပြည်နယ် | ကွတ်ခိုင်(၁) | ဦးအိုက်မွန်း | တအာင်း(ပလောင်) အမျိုးသားပါတီ | ၁၁၃၂၃ |
| ၅၂၀။ | ရှမ်းပြည်နယ် | ကွတ်ခိုင်(၂) | ဦးမြင့်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၅၉၀၃ |
| ၅၂၁။ | ရှမ်းပြည်နယ် | ကျိုင်းတုံ(၁) | ဦးစိုင်းလုံးဆိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၀၉၁ |
| ၅၂၂။ | ရှမ်းပြည်နယ် | ကျိုင်းတုံ(၂) | ဦးပီတာသောင်းစိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၆၇၉ |
| ၅၂၃။ | ကယားပြည်နယ် | ဗမာ | ဦးလှမျိုးဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁၈၅၇ |
| ၅၂၄။ | ပဲခူးတိုင်းဒေသကြီး | ကရင် | ဒေါ်နော်ပွယ်ဆေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၁၀၁ |
| ၅၂၅။ | မကွေးတိုင်းဒေသကြီး | ချင်း | ဦးလှထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၇၅၁ |
| ၅၂၆။ | မွန်ပြည်နယ် | ဗမာ | ဦးရွှေမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၄၃၂၃ |
| ၅၂၇။ | မွန်ပြည်နယ် | ပအိုဝ်း | ဒေါ်စံဝင့်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၇၉၅ |
| ၅၂၈။ | မွန်ပြည်နယ် | ကရင် | ဦးအောင်မြင့်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၃၄၁ |
| ၅၂၉။ | ရန်ကုန်တိုင်းဒေသကြီး | ကရင် | ဒေါ်ပန်းသဥ္ဇာမျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၂၁၄၁ |
| ၅၃၀။ | ရန်ကုန်တိုင်းဒေသကြီး | ရခိုင် | ဦးဇော်အေးမောင် | ရခိုင်အမျိုးသားပါတီ | ၂၉၀၅၀ |
| ၅၃၁။ | ရှမ်းပြည်နယ် | ဗမာ | ဒေါက်တာအောင်သန်းမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၇၃၂၀၁ |
| ၅၃၂။ | ရှမ်းပြည်နယ် | ကချင် | ဦးဇုတ်ဒေါင် | တစ်သီးပုဂ္ဂလ | ၁၅၄၇၈ |
| ၅၃၃။ | ရှမ်းပြည်နယ် | လီဆူး | ဦးဂူဆာ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၃၅၆၇ |
| ၅၃၄။ | ရှမ်းပြည်နယ် | လားဟူ | ဦးယောသပ် | လားဟူအမျိုးသားဖွံ့ဖြိုးတိုး တက်ရေးပါတီ | ၂၅၀၂၀ |
| ၅၃၅။ | ရှမ်းပြည်နယ် | အာခါ | ဦးအာဗေလှ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက် ရေးပါတီ | ၇၈၅၈ |
| ၅၃၆။ | ရှမ်းပြည်နယ် | အင်းသား | ဒေါက်တာထွန်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၄၀၆ |
| ၅၃၇။ | ရှမ်းပြည်နယ် | ကယန်း(ခ) ပဒေါင် | ဦးခွန်းအေးမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၉၂၁ |
| ၅၃၈။ | ဧရာဝတီတိုင်းဒေသကြီး | ကရင် | ဂျဲမိုးမြတ်မြတ်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆၀၀၂၁ |
| ၅၃၉။ | ဧရာဝတီတိုင်းဒေသကြီး | ရခိုင် | ဦးတင်စော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၉၇၂ |
| ၅၄၀။ | ကရင်ပြည်နယ် | ဘားအံ(၁) | ဒေါ်နန်းခင်ထွေးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၂၀၃ |
| ၅၄၁။ | ကရင်ပြည်နယ် | ဘားအံ(၂) | ဦးသန်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၂၀၈ |
| ၅၄၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကွန်းလှ(၁) | ဦးကျော်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၉၆၅ |
| ၅၄၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကွန်းလှ(၂) | ဦးလှဖြိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၂၉၁ |
| ၅၄၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း(၁) | ဒေါ်ဖြူဖြူဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၁၄၀ |
| ၅၄၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း(၂) | ဦးတင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၇၃၈ |
| ၅၄၆။ | စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက်(၁) | ဦးဗိုလ်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၆၁၉ |
| ၅၄၇။ | စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက်(၂) | ဦးလှိုင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၇၅ |
| ၅၄၈။ | စစ်ကိုင်းတိုင်းဒေသကြီး | လေရှီး(၁) | ဦးကာစီရန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၂၄ |
| ၅၄၉။ | စစ်ကိုင်းတိုင်းဒေသကြီး | လေရှီး(၂) | ဦးရိထင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၅၃ |
| ၅၅၀။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု(၁) | ဦးတိုးလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၆၃၅ |
| ၅၅၁။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု(၂) | ဒေါက်တာထူးနေအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၁၂၈ |
| ၅၅၂။ | တနင်္သာရီတိုင်းဒေသကြီး | ကော့သောင်း(၁) | ဦးနေထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၇၇၁ |
| ၅၅၃။ | တနင်္သာရီတိုင်းဒေသကြီး | ကော့သောင်း(၂) | ဦးမြင့်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၁၈၇ |
| ၅၅၄။ | ပဲခူးတိုင်းဒေသကြီး | အုတ်ဖို(၁) | ဒေါ်ညွန့်ညွန့်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၄၃၇ |
| ၅၅၅။ | ပဲခူးတိုင်းဒေသကြီး | အုတ်ဖို(၂) | ဦးစောသူရအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၇၂၃ |
| ၅၅၆။ | ပဲခူးတိုင်းဒေသကြီး | မိုးညို(၁) | ဦးအေးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၇၅၃ |
| ၅၅၇။ | ပဲခူးတိုင်းဒေသကြီး | မိုးညို(၂) | ဦးဝင်းကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၁၉၀ |
| ၅၅၈။ | ပဲခူးတိုင်းဒေသကြီး | ကြို့ပင်ကောက်(၁) | ဦးအောင်ကိုမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၃၃၂ |
| ၅၅၉။ | ပဲခူးတိုင်းဒေသကြီး | ကြို့ပင်ကောက်(၂) | ဦးစန်းမြင့် (ခ) ဦးဆန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၄၂၈ |
| ၅၆၀။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ(၁) | ဦးအောင်ဆန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၁၁၆ |
| ၅၆၁။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ(၂) | ဦးသန်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၂၄၄ |
| ၅၆၂။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ(၁) | ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၃၇၉၂ |
| ၅၆၃။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ(၂) | ဦးမြတ်မင်းသူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၇၆၇ |
| ၅၆၄။ | ရန်ကုန်တိုင်းဒေသကြီး | ပန်းဘဲတန်း(၁) | ဦးသန်းနိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၂၄၀ |
| ၅၆၅။ | ရန်ကုန်တိုင်းဒေသကြီး | ပန်းဘဲတန်း(၂) | ဒေါ်စိုးပပလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၀၇ |
| ၅၆၆။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း(၁) | ဒေါက်တာထိန်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၁၄၅၆ |
| ၅၆၇။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း(၂) | ဦးခင်မောင်ဇော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၆၈၄ |
| ၅၆၈။ | ကချင်ပြည်နယ် | ရွှေကူ(၁) | ဦးတင်ဦးယု | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၀၇၉၇ |
| ၅၆၉။ | ကချင်ပြည်နယ် | ရွှေကူ(၂) | ဦးမြသိန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၁၆၇၂ |
| ၅၇၀။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း(၁) | ဦးစိုးဦး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၅၅၂၀၅ |
| ၅၇၁။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း(၂) | ဒေါ်စုမြတ်ထက် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၀၉၈၁ |
| ၅၇၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကန့်ဘလူ(၁) | ဒေါ်ခင်မျိုးချစ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၃၆၈၆၄ |
| ၅၇၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကန့်ဘလူ(၂) | ဒေါက်တာ ကျော်သူဟန်ထွန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၄၆၉၁၅ |
| ၅၇၄။ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်(၁) | ဒေါက်တာဇော်ဝင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၃၂၇၅၄ |
| ၅၇၅။ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်(၂) | ဦးဝဏ္ဏ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၃၄၂၁၄ |
| ၅၇၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ထီးချိုင့်(၁) | ဦးမြင့်မော် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၂၁၃၄၃ |
| ၅၇၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ထီးချိုင့်(၂) | ဦးသိန်းဟန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၇၆၅၉ |
| ၅၇၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ဟုမ္မလင်း(၁) | ဦးသန်းညွန့် | တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) | ၂၀၄၃၀ |
| ၅၇၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ဟုမ္မလင်း(၂) | ဦးကျော်ဌေးလွင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၅၃၄၆ |
| ၅၈၀။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ(၁) | ဦးအောင်သူရ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၆၅၁၈ |
| ၅၈၁။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ(၂) | ဦးရဲမြင့်ဆွေ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၁၈၀၈၇ |

စာမျက်နှာ ၇ သို့ ❖

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
# အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၃၄။ | ကချင်ပြည်နယ် | အမှတ်(၃) | ဦးဇယ်ခေါင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၃၅၃ |
| ၁၃၅။ | ကချင်ပြည်နယ် | အမှတ်(၁၂) | ဦးနိုင်ကိုကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၀၅၈ |
| ၁၃၆။ | ကရင်ပြည်နယ် | အမှတ်(၁) | ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၈၄၉ |
| ၁၃၇။ | ကရင်ပြည်နယ် | အမှတ်(၂) | ဦးစောသန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၁၈၄ |
| ၁၃၈။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၄) | ဦးဟန်ဝင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၃၇၁ |
| ၁၃၉။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၇) | ဦးဇော်ဟိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၃၁၇ |
| ၁၄၀။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၈) | ဦးဥက္ကာမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၇၇၁ |
| ၁၄၁။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၁၀) | ဦးစိုးသိန်း(ခ)ဦးမောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၀၈၃ |
| ၁၄၂။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၁၁) | ဒေါက်တာခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၂၆၄ |
| ၁၄၃။ | မန္တလေးတိုင်းဒေသကြီး | အမှတ်(၃) | ဒေါက်တာ ကျော်သန်းထွန်း(ကန်တုံ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၉၄၀၉ |
| ၁၄၄။ | ရခိုင်ပြည်နယ် | အမှတ်(၂) | ဦးတက်ထွန်းအောင် | ရခိုင်အမျိုးသားပါတီ | ၃၉၅၄၂ |
| ၁၄၅။ | ရခိုင်ပြည်နယ် | အမှတ်(၃) | ဦးခင်မောင်လတ် | ရခိုင်အမျိုးသားပါတီ | ၇၀၉၅၀ |
| ၁၄၆။ | ရခိုင်ပြည်နယ် | အမှတ်(၉) | ဦးမောင်ကျော်ဇံ | ရခိုင်အမျိုးသားပါတီ | ၁၁၉၁၆ |
| ၁၄၇။ | ရခိုင်ပြည်နယ် | အမှတ်(၁၀) | ဦးကျော်သန်း | ရခိုင်အမျိုးသားပါတီ | ၃၅၃၅၈ |
| ၁၄၈။ | ရခိုင်ပြည်နယ် | အမှတ်(၁၁) | ဒေါ်ထုမေ | ရခိုင်အမျိုးသားပါတီ | ၃၈၉၆၉ |
| ၁၄၉။ | ရခိုင်ပြည်နယ် | အမှတ်(၁၂) | ဦးစိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၆၀၅၁ |
| ၁၅၀။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၅) | ဦးဘမျိုးသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၈၉၀၁ |
| ၁၅၁။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၆) | ဒေါက်တာအောင်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၂၁၁၀ |
| ၁၅၂။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၉) | ဦးဖေချစ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၆၇၁၀ |
| ၁၅၃။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၁၁) | ဦးအေးဗိုလ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၇၇၀၇ |
| ၁၅၄။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၂) | ဦးစခင်ဇော်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၂၇၁၆ |
| ၁၅၅။ | ကချင်ပြည်နယ် | အမှတ်(၅) | ဦးဇခုန်တိန့်ယိန်း | တစ်သီးပုဂ္ဂလ | ၅၁၄၃ |
| ၁၅၆။ | ချင်းပြည်နယ် | အမှတ်(၁၁) | ဦးငွေတင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၆၇ |
| ၁၅၇။ | ချင်းပြည်နယ် | အမှတ်(၁၂) | ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၈၈၅ |
| ၁၅၈။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၈) | ဦးကိုကိုနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၉၀၈ |
| ၁၅၉။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ်(၉) | ဦးမောင်မောင်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၁၀၁ |
| ၁၆၀။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၇) | ဒေါက်တာပြည့်ဖြိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၆၂၂၄ |

❖ စာမျက်နှာ ၆ မှ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၅၈၂။ | မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်း(၁) | ဦးအောင်ဆန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၅၂၃ |
| ၅၈၃။ | မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်း(၂) | ဦးတင်မြင့်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၆၀၀ |
| ၅၈၄။ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်း(၁) | ဦးစံကျော်လှ | ရခိုင်အမျိုးသားပါတီ | ၁၈၂၉၇ |
| ၅၈၅။ | ရခိုင်ပြည်နယ် | ပုဏ္ဏားကျွန်း(၂) | ဦးအောင်သန်းတင် | ရခိုင်အမျိုးသားပါတီ | ၁၂၄၅၅ |
| ၅၈၆။ | ရခိုင်ပြည်နယ် | ပေါက်တော(၁) | ဦးသာထွန်းအောင် | ရခိုင်အမျိုးသားပါတီ | ၂၀၁၄၅ |
| ၅၈၇။ | ရခိုင်ပြည်နယ် | ပေါက်တော(၂) | ဦးအောင်ကျော်ထွီး | ရခိုင်အမျိုးသားပါတီ | ၁၈၅၁၄ |
| ၅၈၈။ | ရခိုင်ပြည်နယ် | မောင်တော(၁) | ဦးထွန်းလှစိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၁၅၃ |
| ၅၈၉။ | ရခိုင်ပြည်နယ် | မောင်တော(၂) | ဦးမောင်အုန်း | ရခိုင်အမျိုးသားပါတီ | ၅၈၄၈ |
| ၅၉၀။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်(၁) | ဦးဇော်ဇော်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၇၇၂၄ |
| ၅၉၁။ | ရခိုင်ပြည်နယ် | ဘူးသီးတောင်(၂) | ဦးထွန်းအောင်သိန်း | ရခိုင်အမျိုးသားပါတီ | ၈၈၆၁ |
| ၅၉၂။ | ရခိုင်ပြည်နယ် | ရမ်းဗြဲ(၁) | ဦးကျော်လွင် | ရခိုင်အမျိုးသားပါတီ | ၁၁၁၂၇ |
| ၅၉၃။ | ရခိုင်ပြည်နယ် | ရမ်းဗြဲ(၂) | ဦးသန်းမောင်ဦး | ရခိုင်အမျိုးသားပါတီ | ၉၇၄၉ |
| ၅၉၄။ | ရခိုင်ပြည်နယ် | သံတွဲ(၁) | ဦးဝင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၉၀၇ |
| ၅၉၅။ | ရခိုင်ပြည်နယ် | သံတွဲ(၂) | ဦးနိုင်ကြွေအေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၈၇၅ |
| ၅၉၆။ | ရခိုင်ပြည်နယ် | ဂွ(၁) | ဦးစိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၀၈၄ |
| ၅၉၇။ | ရခိုင်ပြည်နယ် | ဂွ(၂) | ဦးညီပု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၉၈၇ |
| ၅၉၈။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး(၁) | ဒေါ်မြတ်မာလာထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၇၆၉ |
| ၅၉၉။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး(၂) | ဦးဖြိုးမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆၂၀၅ |
| ၆၀၀။ | ရှမ်းပြည်နယ် | လားရှိုး(၁) | ဒေါက်တာလင်းထွဋ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၈၈၆ |
| ၆၀၁။ | ရှမ်းပြည်နယ် | လားရှိုး(၂) | ဦးအောင်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၇၄၇၇ |
| ၆၀၂။ | ရှမ်းပြည်နယ် | မိုင်းယန်း(၁) | ဦးစိုင်းလှိုင်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁၆၄ |
| ၆၀၃။ | ရှမ်းပြည်နယ် | မိုင်းယန်း(၂) | ဦးတင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၆၁ |
| ၆၀၄။ | ရှမ်းပြည်နယ် | မိုင်းပျဉ်း(၁) | ဦးအီးရှာမွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၆၁၇ |
| ၆၀၅။ | ရှမ်းပြည်နယ် | မိုင်းပျဉ်း(၂) | ဦးစိုင်းလှဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၃၃၁၅ |
| ၆၀၆။ | ချင်းပြည်နယ် | ပလက်ဝ(၁) | ဦးကံတင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၄၁၄ |
| ၆၀၇။ | ချင်းပြည်နယ် | ပလက်ဝ(၂) | ဦးပြေမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၈၉ |
| ၆၀၈။ | စစ်ကိုင်းတိုင်းသေကြီး | ရွှေဘို(၁) | ဦးမိုးကျော်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၃၁၄ |
| ၆၀၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို(၂) | ဒေါက်တာမြင့်နိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၅၀၅ |
| ၆၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ဗန်းမောက်(၁) | ဦးဝင်းရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၃၆၆ |
| ၆၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ဗန်းမောက်(၂) | ဦးညီညီဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၄၃၄ |
| ၆၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး(၁) | ဒေါ်သန့်ဝေကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၄၅၉ |
| ၆၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး(၂) | ဦးကမ်ဇာမုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၅၄၄၂ |
| ၆၁၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ(၁) | ဦးအောင်သန်းကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၉၁၁ |
| ၆၁၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးဝ(၂) | ဦးမောင်ဝေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၈၁၅၇ |
| ၆၁၆။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ(၁) | ဦးကျော်လွင် | ရခိုင်အမျိုးသားပါတီ | ၁၃၁၈၅ |
| ၆၁၇။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ(၂) | ဦးဖိုးစံ | ရခိုင်အမျိုးသားပါတီ | ၁၃၄၁၂ |
| ၆၁၈။ | ကရင်ပြည်နယ် | ဗမာ | ဦးတေဇထွဋ်လှိုင်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၆၉၂ |
| ၆၁၉။ | ကရင်ပြည်နယ် | မွန် | ဦးမင်းတင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၇၉၆ |
| ၆၂၀။ | ကရင်ပြည်နယ် | ပအိုဝ်း | ဦးခွန်မျိုးတင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၈၄ |
| ၆၂၁။ | မန္တလေးတိုင်းဒေသကြီး | ရှမ်း | ဦးစိုင်းကျော်ဇော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၅၀၇ |

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ
# အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

(ယမန်နေ့မှ အဆက်)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲ အရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၅၀။ | ကရင်ပြည်နယ် | ဘားအံ | ဒေါ်နန်းသန်းသန်းလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၂၈၁ |
| ၂၅၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ကန့်ဘလူ | ဒေါက်တာလှိုင်မြင့်ဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၃၄၅ |
| ၂၅၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ကျွန်းလှ | ဦးထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၃၂၈ |
ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းရှေ့ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်တွင် “လောကနတ်” သင်္ကန်းတိုက်ဘက်မှ နှင်းဆီပန်းအဝိုင်းဘက်သို့ “ဂ”ကွေ့မောင်းထွက်လာသောယာဉ်မောင်း ထက်မြက်အောင် ပိတောက်အိမ်ရာ ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူသီရိမြို့နယ်နေသူ မောင်းနှင်သည့် ဘ/....MAZDAT 2000 အပြာရောင်ယာဉ်အား နှင်းဆီပန်းအဝိုင်းဘက်မှ ပါဠိကွေ့မီးပွိုင့်ဘက်သို့ ဆန်းမင်းကို(၁၈)နှစ် သက်ကယ်ချင်းရွာ လယ်ဝေးမြို့နေသူ ရှေ့မှမောင်းနှင်ပြီး နောက်မှ ကျော်ကျော်လင်း (၁၉) နှစ် ဆိုင်ကယ်ပြင် ထန်းတောရပ်ကွက် ပျဉ်းမနားမြို့နေသူ လိုက်ပါစီးနင်းလာသည့် ၄၃ယ/....SKYGO 125 အနက်ရောင်ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သောကြောင့် ကျော်ကျော်လင်းနှင့် ဆန်းမင်းကိုတို့တွင် ဒဏ်ရာများ အသီးသီး(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ နေပြည်တော်ယာဉ်မှုစစ်မှ ရဲအုပ်ရွှေလင်းနှင့် တာဝန်ရှိသူများက စစ်ဆေး အရေးယူလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




# ဧရာဝတီမြစ်အတွင်း အမျိုးသားတစ်ဦး စက်လှေပန်ကာရိုက်မိ၍သေဆုံး

**သရက် နိုဝင်ဘာ ၁၃**

သရက်မြို့နယ် ကမ်းနီကျေးရွာအနီးရှိ ဧရာဝတီမြစ်အလယ်တွင် နိုဝင်ဘာ ၁၁ ရက်က အမျိုးသားတစ်ဦး ပဲ့ထောင်စက်လှေပန်ကာနှင့် ထိခိုက်သေဆုံးခဲ့မှုဖြစ်ပွားခဲ့ကြောင်း သရက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲခန့်က သရက်မြို့နယ် ကမ်းနီကျေးရွာအနီး ဧရာဝတီမြစ်လယ်တွင် လူတစ်ဦး မြစ်အတွင်း ပြုတ်ကျသေဆုံးကြောင်း သတင်းအရ သရက်မြို့မရဲစခန်းမှူး ဒု-ရဲမှူးကျော်ဌေးက သွားရောက်စစ်ဆေးခဲ့ရာ သရက်မြို့နယ် ကမ်းနီကျေးရွာအနီး ဧရာဝတီမြစ်အလယ်တွင် ရေယာဉ်မှူး ဦးမောင်ဌေး မောင်းနှင်သော ရွှေပြည့်မင်း(၁) တွန်းသင်္ဘောမှာ ရေကြောင်းတိမ်၍ ကျောက်ချရပ်နားခဲ့ကြောင်း၊ သင်္ဘောလုပ်သား ရန်နောင်ဦး(၂၅)နှစ် ဇောင်ချမ်းတောင်ကျေးရွာ ဆင်ပေါင်ဝဲမြို့နယ်နေသူ မောင်းနှင်ပြီး ဝေလင်းအောင်လိုက်ပါလာသော အလျား ပေ ၄၀ ဂျင်ဒေါင်း(၂၅)ကောင် အင်ဂျင်တပ် ရေစမ်းပဲ့ထောင် စက်လှေငယ်ဖြင့် ရေစမ်းတိုင်းတာခဲ့ကြောင်း၊ တွန်းသင်္ဘောသို့ ပြန်လည်ဆိုက်ကပ်စဉ် ပဲ့ထောင်နှင့် တွန်းသင်္ဘောတို့ပွတ်တိုက်မိ၍ ရန်နောင်ဦးမှာ ပဲ့ထောင်ပေါ်မှ ဧရာဝတီမြစ်အတွင်း ပြုတ်ကျခဲ့ကြောင်း၊ ထိုသို့ ပြုတ်ကျစဉ် ၎င်းမောင်းနှင်လာသော ပဲ့ထောင်စက်လှေပန်ကာဒလက်နှင့်ရိုက်မိကာ ရန်နောင်ဦးတွင် နားနှစ်ဖက် သွေးထွက်ဒဏ်ရာ၊ ယာဘက်ခါး၊ ဝဲခြေတို့တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သရက်မြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျော်ဇေယျ)**

# သမီးရည်းစားချိန်းတွေ့စဉ် ကိုယ့်ကိုယ်ကို ဓာတ်ဆီလောင်း၍ မီးရှို့မှုဖြစ်

**အောင်လံ နိုဝင်ဘာ ၁၃**

အောင်လံမြို့ မြောက်ဘက် မြို့အဝင် မောင်းတံဂိတ်အနီး ကြက်ရုံးကြီးကျေးရွာသို့သွားသော ရေနံတူးဖော်ရေးကျောက်လမ်းတွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီခန့်က သမီးရည်းစားနှစ်ဦးချိန်းတွေ့ရာမှ အဆင်မပြေဖြစ်ပြီး ကိုယ့်ကိုယ်ကို ဓာတ်ဆီလောင်း မီးရှို့မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မ××××က တရော်ကုန်းရပ်ကွက်တွင် နေသူသည် ဆိုင်ကယ် မီးလောင်ပြီး ဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းအရ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြရာ မ××××အား လည်ပင်းအောက် ခန္ဓာကိုယ်အနှံ့ မီးလောင်ထားသည့်ဒဏ်ရာများနှင့်တွေ့ရပြီး စုံစမ်းမေးမြန်းရာ နယူးအောင်လံကားဂိတ်မှ ရည်းစားဖြစ်သူ ဇော်ဦး မကွေးမြို့နေသူနှင့် ချိန်းတွေ့ကြစဉ် ဇော်ဦးက လက်ထပ်ပေါင်းသင်းရန် ပြောသောအခါ မိဘများနှင့်မခွဲလို၍ လက်ထပ်ခြင်း မပြုလိုသေးကြောင်း ငြင်းဆိုသဖြင့် ဇော်ဦးက ဆိုင်ကယ်တွင်အသင့်ပါလာသော ဓာတ်ဆီဖြင့် နှစ်ဦးစလုံးလောင်းပြီး မီးရှို့ခဲ့ရာ မီးကူးစက်လောင်ကျွမ်းပြီး ဒဏ်ရာများ ရရှိခဲ့သဖြင့် မ××××က ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းရာ ဇော်ဦးမှာဆိုင်ကယ်နှင့် ထွက်ပြေးသွားခဲ့သည်ဟု သိရပြီး ဇော်ဦးအား အောင်လံမြို့မ ရဲစခန်းက အမှုဖွင့် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သင်းလွင်(အောင်လံ)**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဘဏ်ဖွင့်လိုသူများ၊ Super Market ၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ ဆီဆိုင်၊ အဆောင်ဖွင့်လိုသူများနှင့် လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ စက်မှုဇုန်အနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ ကျန်စစ်သားလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာ 110'၊ Sqft 6324၊ ခြံစည်းရိုးခတ်ပြီး၊ ရေမီးပါ။ ကျပ်သိန်း(၄၀၀၀)

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ် (55'x145')၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးဟောင်း နှစ်ထပ်အိမ်ကြီး (၁)လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ လုံချင်းအိမ်ဖြင့်နေလိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး (၁)ခန်းမျှသာရှိသော အလွန်သက်သာသောဈေးနှုန်း၊ Master bed room (၂)ခန်း၊ ရိုးရိုးအိပ်ခန်း(၁)ခန်း၊ အောက်ထပ်ကြမ်းခင်းတစ်ခုလုံး ကြွေပြားအပြည့်ခင်း၊ ရေ၊ မီး အပြည့်အစုံ။ ကျပ်သိန်း(၃၀၀၀)

ဆက်သွယ်ရန်ဖုန်း-**09-5178979, 09-420301091,09-43022828**

# ဒါးဝတ်လုံချည်ဖြစ်လာသည့် စမတ်ဖုန်းအသုံးအတွက် ဗဟုသုတများ



လူအများစုကြုံတွေ့နေရသည့် ဖုန်း၏စိတ်ဒုက္ခများကို တတ်နိုင်သလောက်ဖြေရှင်းပေးလို၍ ရေးသားခြင်းဖြစ်ပါသည်။ ထိခိုက်မှုများ၊ စိတ်ဒေါသထွက်စရာများရှိခဲ့လျှင် ခွင့်လွှတ်ပေးကြပါရန် ဝန္ဒာအပ်ပါသည်။ ဖုန်းအားအသုံးပြုရန်အတွက် သဘောကြုံရွယ်၊ ချိန်၊ ဉာဏ်ဆ၍သုံးစေချင်ပါသည်။ ပထမအနေဖြင့် ဖုန်းအသုံး ပြုကြသည့်လူတိုင်းရေဝင်၊ မဝင် ဒဏ်ကိုကောင်းကောင်းတွေ့ကြရမည်သာဖြစ်ပါသည်။

လူအများစုလုပ်နေသည်မှာ "ဖုန်း"ရေထဲကျလျှင် ဆန်ပုံး၊ ဆန်အိတ်ထဲထည့်ခြင်းနှင့် နေလှန်းခြင်းတို့ဖြစ်ပါသည်။ မှန်သလိုရှိသော် ငြားလည်း မှားနေပါသည်။ စနစ်မကျ၍ဖြစ်သည်။ လူတွေအမြင်နှင့် ပြောလေ့ရှိသည်မှာ ခဏလေးကျသွားတာဟူ၍ ဖြစ်ပါသည်။

လက်ကိုင်ဖုန်းအတွက်ကား တစ်မိနစ်ခန့်မျှဆိုလျှင်ပင် ရေဝင်ရန်လုံလောက်သော အချိန်ရသွားပြီ ဖြစ်ပါသည်။ လုပ်ရမည်မှာ (၁)ဘက်ထရီဖြုတ်ရပါမည်။ (၂) SIM Card၊ Memory Card များဖြုတ်ရပါမည်။ (၃) ဆန်များကို လေလုံသည့်ပလတ်စတစ်အိတ်တစ်ခုအတွင်းသို့ ဖုန်းအရွယ်အစားနှင့်မျှအောင်ထည့်၍ ရေများထွက်သွားရန်သင့်လျော်သည့် အနေအထားမျိုး(ထောင်လျက်)ဖန်တီးပေး၍ လေလုံအောင်ပိတ်ပြီး အပူငွေ့ရှိသည့် နေရာတွင်ထားရပါမည်။ အပူပြင်းပြင်းပေး၍ မရပါ။ နေပြင်းပြင်းမပြရပါ။ ဘက်ထရီကို နေမလှန်းရပါ။ ထိုသို့ထားပြီး ၄ နာရီနှင့် ၅နာရီခန့်ကြာလျှင် ဆန်များပြန်၍လဲလှယ်ပေးရပါမည်။

အနည်းဆုံး သုံးကြိမ်ခန့်ပြု လုပ်ရပါမည်။ အသင့်တော်ဆုံးမှာ မိမိဘာသာ ပါဝါမဖွင့်ဘဲ ကျွမ်းကျင်သည့် Service သမားများထံတွင်သာ သွားရောက်၍ အမှန်အတိုင်းပြောဆိုကာပြသ၍ ပါဝါဖွင့်ခိုင်းသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပါဝါ IC မသေလျှင်တောင်မှ Touch/LCD မှန်များ သေသွားတတ်သောကြောင့်ဖြစ်ပါသည်။ မိုးရေခံအိတ်များ အသုံးပြုလျှင်လည်းစိတ်မချရပါ။ ရေငွေ့ရိုက်၍ အစိုပြန်တတ်ပါသည်။ မိုးထိပြီးလျှင် နေပြန်ပြရပါမည်။ သကြီးန်ကဲ့သို့ ရေအားမထိန်းနိုင်သည့် အချိန်မှာတော့ ကလေးများဆော့သည့် ပူဖောင်းကဲ့သို့ သားရေအိတ်များထဲ နှစ်ထပ်၊ သုံးထပ်စွပ်၍ သုံးရပါမည်။

ဖုန်း Setting ချိန်နည်းများကို ရှင်းပြလိုပါသည်။ နားလည်သူများမှနေ၍ ဆရာကြီးလုပ်သည်ဟု မယူဆစေလိုပါ။ အများအကျိုးအတွက်ကြောင့် တင်ပြရခြင်းဖြစ်ပါသည်။ Android Phone Setting များကို ရှင်းပြချင်ပါသည်။ ဦးစွာပထမ Setting ထဲဝင်၍ Application (or) Security ထဲဝင်၍ Unknown Sources ကို On ပေးရပါမည်။ အမှတ်တပ်ပေးရပါမည်။ ဒုတိယအနေဖြင့် Developer Options ကိုရှာ၍ USB debugging ဟူသောနေရာတွင် On ရပါမည်။ ရှာ၍မတွေ့ခဲ့လျှင် About Phone ဟုခေါ်သည့် နောက်ဆုံးစကားလုံးအထိသွားပြီး Build number ဟူသည့် စကားလုံးပေါ်၌ လေး၊ ငါးချက်ဆက်တိုက်ခေါက်ပေးလျှင် ၎င်း Developer Options ခေါ်သည့် စာတန်းထွက်လာပါလိမ့်မည်။

ထိုစာတန်းထဲဝင်၍ USB dedugging အား အမှတ်တပ်ရပါမည်။ On ရပါမည်။ သို့မှသာလျှင် Service သမားများ၏ ကွန်ပျူတာနှင့် ဖုန်းချိတ်ဆက်လျှင် ကွန်ပျူတာမှ သိမည်ဖြစ်ပါသည်။ အလွန်အရေးကြီးပါသည်။

ထို Setting ထဲမှ Storage သို့သွား၍ SD Card/ Preferred inst..location နေရာများတွင် SD card ကို အမှတ်တပ်ပေးရပါမည်။ ထို Setting ထဲမှ Reset သည် ဖုန်းကို စက်ရုံမှထွက်သည့်အတိုင်း ပြန်လည်လုပ်ဆောင်ပေးမည်ဖြစ်သဖြင့် နားမလည်ခဲ့လျှင် မလုပ်သင့်ပေ။ လုပ်ခဲ့လျှင် မိမိထည့်ထားခဲ့သော Application များ၊ Data များနှင့် မြန်မာ Font များ ပျောက်သွားမည်ဖြစ်ပါသည်။

ဖုန်းနံပါတ်များအား စတင်မှတ်သားရာတွင်လည်း ဖုန်း မှနေ၍ Sim/Uim (or) Phone ဟု ပေါ်လာခဲ့ရာနေရာတွင် Sim ကိုသာ ထားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် Handset မှာအချိန်မရွေး၊ အကြောင်းမရွေးပြောင်းလဲတတ်ကြပါသည်။

Sim Card မှာမူ မိမိကိုယ်ပိုင်နံပါတ်အဖြစ် တည်ရှိနေမည်ဖြစ်သောကြောင့်ပါတည်း။ မိမိ၏ မှတ်ပုံတင်နံပါတ်ကဲ့သို့တည်း။ Application များသွင်းရာတွင်လည်း မိမိဖုန်း၏ Version နှင့် Application ၏ Version တို့ ညီမျှမှသာလျှင် ထည့်သွင်းအလုပ်လုပ်ဆောင်နိုင်ကြမည်ကို သိထားသင့်ပါသည်။

ဖုန်းအချင်းချင်းကူးရာတွင်လည်း ထိုကဲ့သို့ရှိပါသည်။ Game များ၊ ဆော့ဖ်ဝဲများလည်း အတူတူပင်ဖြစ်ပါသည်။ လူအများစုသုံးနေသည့် Zapya။ Xender စသည့် Application များကြောင့် မိမိအသုံးပြုနေသည့်ဖုန်း၏ Firmware ဟုခေါ်သည့် Software သေသည်အထိ ဖြစ်တတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လောဘတကြီးနှင့် ကြိုက်သည့် Application များအား ကူးတော့မည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

ဖုန်း၏ RUM ဟုခေါ်သည့် မှတ်ဉာဏ်နှင့်ကွာသောကြောင့်ဖြစ်ပါသည်။ သတ္တဝါနှင့်လက်နက် မမျှသည့်သဘောပင်ဖြစ်ပါသည်။ ဖုန်း Software ရေးခများကုန်သွားရမည်ဖြစ်သည်ကို သတိချပ်စေလိုပါသည်။ Software Upgrade လုပ်ခြင်း၊ Version မြှင့်တင်ခြင်းများသည် ဆိုးကျိုးများကိုသာဖြစ်စေတတ်သောကြောင့် တတ်ကျွမ်းသူများနှင့်သာ တိုင်ပင်အသုံးပြုလုပ်ရပါမည်။ လက်တည့်မစမ်းစေလိုပါ။

ဖုန်းအား Lock ထားရာတွင်လည်း Phone Lock နှင့် Sim Lock ဟူ၍ နှစ်မျိုးရှိပါသည်။ Phone Lock ကိုသာ သုံးသင့်ပါသည်။ Sim Lock အား မသုံးသင့်ပါ။ Sim Card ဝယ်ယူစဉ်က ချိုးခဲ့သည့် ကတ်အခွံကြီးအား သိမ်းဆည်းထားရပါမည်။ ဤအချက်သည်လည်း အရေးကြီးလှပါသည်။

Service သမားညီနောင်များကိုလည်း ရိုသေစွာဖြင့် ပန်ကြားလိုပါသည်။ ငွေကြေးတောင်းခံမှုများအပေါ် တွင် မိမိကဲ့သို့ ကိုယ်ချင်းစာနာသောစိတ်ဖြင့် ဗြဟ္မစိုရ်တရားလေးပါးကိုလက်ကိုင်ထား၍ အလုပ်ပြုလုပ်ကြစေလိုပါသည်။

အဘယ်ကြောင့်ဆိုသော် ငယ်ရွယ်သောလူငယ်များ အများဆုံးလုပ်ကိုင်နေကြသည်ကို တွေ့ရပြီး ငါနှင့် ငါသာ ငါဟုနှိုင်းယှဉ်စရာ ပညာမာန်တက်စရာအကြောင်းများရှိနေပြီး စာနာစိတ်များ ပျောက်တတ်သောကြောင့်ဖြစ်ပါသည်။ ယခုခေတ် အချိန်အခါသည် တိုင်းရင်းသားညီအစ်ကိုအားလုံး လက်ချင်းတွဲ၍ ရှေ့ဆက်နေရသော အချိန်ကာလဖြစ်သောကြောင့်ပင်တည်း။

**ဖုန်းဒေါက်တာ**

## ဖုန်းအား Lock ထားရာတွင်လည်း Phone Lock နှင့် Sim Lock ဟူ၍နှစ်မျိုးရှိပါသည်။ Phone Lock ကိုသာ သုံးသင့်ပါသည်။ Sim Lock အား မသုံးသင့်ပါ။ Sim Card ဝယ်ယူစဉ်ကချိုးခဲ့သည့် ကတ်အခွံကြီးအား သိမ်းဆည်းထားရပါမည်။

# Apple မှ iPhone Mini ထုတ်လုပ်ဖွယ်ရှိ

ကမ္ဘာတစ်ဝှမ်းလူသိများသည့် Apple သည် iPhone အသေးများကို မထုတ်လုပ်ဟုကြေညာထားသော်လည်း ယခုလက်ရှိတွင် iPhone အသေးများကိုထုတ်လုပ်တော့မည်ဖြစ်ကြောင်းကြေညာသည်။ ၄ လက်မ အရွယ်သာရှိပြီး iPhone 5s ကိုပြန်လည်အခြေခံထားသောပုံစံမျိုးအဖြစ်မြင်တွေ့ရမည်ဖြစ်သည်။ iPhone 5s ထက်ပိုမိုသေးငယ်ပြီး ပိုမိုပါးလွှာမည်ဖြစ်ကာ Apple ၏ A9 Chip ကိုအသုံးပြုထားမည်ဟုသိရသည်။




လာမည့် နှစ်တွင် iPhone7 ကို ထုတ်လုပ်မည်ဖြစ်ပြီး ၎င်းတွင်မူ A10 Chip ကို အသုံးပြုသွားမည်ဟု ဆိုသည်။ iPod Touch များသည် လေးလက်မအရွယ်အစားသာရှိပြီး iPhone Mini မှာလည်း ၎င်းအရွယ်အစားခန့်သာရှိမည်ဖြစ်ပြီး ပုံစံမှာလည်းခပ်ဆင်ဆင်တူညီမည်ဟု ပရိသတ်အချို့မှခန့်မှန်းထားကြသည်။

အဆိုပါ iPhone Mini ကို အလုံးရေသန်း ၂၀ကျော် ထုတ်လုပ်သွားနိုင်ဖွယ်ရှိပြီး လာမည့်၂၀၁၆ ခုနှစ်တွင် စတင်ဖြန့်ချိသွားနိုင်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ဈေးနှုန်းနှင့်ပါဝင်မှုအသေးစိတ်အချက်အလက်များကိုမူ Apple မှ တရားဝင်ထုတ်ဖော်ပြောကြားထားခြင်းမရှိသေးချေ။

# အဆင့်မြင့်တန်းဝင်ဖြစ်လာမည့်

## Xiaomi Mi Note Pro



အရွယ်အစားသင့်တင့်ပြီး လုပ်ဆောင်ချက်ကောင်းမွန်မှုများကြောင့် တရုတ်နိုင်ငံအခြေစိုက် Xiaomi အမှတ်တံဆိပ် စမတ်ဖုန်းများသည် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်တွင်ပါ နေရာတစ်ခုရလာနေပြီဖြစ်သည်။ ယခုအခါ Xiaomi Mi Note Pro အမျိုးအစား စမတ်ဖုန်း၏ အသေးစိတ်အချက်အလက်အချို့ကို ဖော်ပြလိုက်ရသည်။ Mi Note Pro တွင် Gorilla Glass 3 အမျိုးအစားဖန်သတ္တုဖြင့် ဖုန်း၏အရှေ့နှင့် အနောက်ဖက်ပိုင်းကိုပါ ထည့်သွင်းဖုံးအုပ်ထားသည်။ ဒီဇိုင်းပိုင်းတွင် ဆွဲဆောင်မှုရှိပြီး ရွေးချယ်နိုင်ရန် အရောင်လေးရောင်ခွဲခြားထုတ်လုပ်ထားသည်။ အရွယ်အစားမှာ ၅ ဒသမ ၇ လက်မအကျယ်ရှိပြီး IPS LCD မျက်နှာပြင် အသုံးပြုထားသည်။ ရုပ်ထွက်အရည်အသွေးကြည်လင်ကောင်းမွန်မှုရှိပြီး Color Density အနေဖြင့် 515 ppi ပါရှိပါသည်။ အနောက်ဖက်ကင်မရာမှ 13 Megapixel ပါဝင်သောကြောင့် ဓာတ်ပုံရိုက်ကူးရာတွင် အရည်အသွေးမြင့်သော ပုံထွက်ရရှိမည်ဖြစ်ပြီး အရှေ့ဘက်ကင်မရာမှာ 4 Megapixel သာပါဝင်ပါသည်။ အရည်အသွေးမြင့် စမတ်ဖုန်းဖြစ်သည့်အတွက် SD ကတ်အပိုထည့်စရာမလိုဘဲ Buld-in 64 GB Space ပါဝင်ပါသည်။ ဘက်ထရီ အရည်အသွေးပိုင်းကောင်းမွန်ပြီး ဘက်ထရီကိုဖြုတ်တပ် လုပ်ဆောင်၍မရပဲ အသေတပ်ဆင်ထားပါသည်။ ပြည်တွင်းဈေးကွက်တွင် Mi Note Pro သည် ကျပ် ၅၅၀၀၀၀ နှင့် ကျပ် ၆၀၀၀၀၀ ဝန်းကျင်တွင်ရှိပြီး ဈေးနှုန်းပေးချေမှုအတွက်လည်း သင့်လျော်ကောင်းမွန်သည့် စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်ပါသည်။

Alez

# စစ်ကိုင်းကောင်းမှုတော်ဘုရားမှထူးခြားသောရေကန်



**စစ်ကိုင်း နိုဝင်ဘာ ၁၃**

စစ်ကိုင်းမြို့ ဘုရားဖူးရောက်သူတိုင်း သွားရောက်ဖူးမြော်သောဘုရားမှာ ကောင်းမှုတော်ဘုရားပင်ဖြစ်သည်။ ကောင်းမှုတော်ဘုရားသည် ထူးခြားပြီး စိတ်ဝင်စားဖွယ်ရာကောင်းသော စေတီပင်ဖြစ်သည်။ စေတီကို အင်းဝခေတ် ညောင်ရမ်းမင်းဆက် သိရိသုဓမ္မရာဇာမဟာဓိပတိဘွဲ့ခံ သာလွန်မင်းကြီးက သက္ကရာဇ် ၉၉၈ ခုနှစ်တွင် တည်ထားခဲ့သည်။ ဘုရားထီးမတင်မီ သာလွန်မင်းနတ်ရွာစံသည့်အတွက် သားတော်ပင်းတလဲမင်းက သက္ကရာဇ် ၁၀၁၁ ခုနှစ် ကဆုန်လဆန်း ၈ ရက်တွင် ထီးတော်တင်လှူခဲ့သော စေတီပင်ဖြစ်သည်။

စေတီတော်မှာ ဥဏ်တော် ၁၀၁ တောင်၊ ထီးတော် ၂၆ ပေ၊ စေတီလုံးပတ် ပေ ၈၈၀၊ အချင်း ပေ ၂၈၀ ၉ လက်မ ရှိသည်။ စစ်ကိုင်းကောင်းမှုတော်သို့ ရောက်သူတိုင်း ဘုရားကိုပတ်ကာ ဖူးမြော်ပြီးသည်နှင့် ထူးခြားသောကန်ဆီ သွားရောက်လေ့ရှိသည်။ ထိုကန်မှာ ကောင်းမှုတော်စေတီနံဘေးမှ ထူးခြားသောမေတ္တာကန်ပင်ဖြစ်သည်။ မေတ္တာကန်တည်ထားမှုနှင့်ပတ်သက်သော နောက်ခံသမိုင်းတွင် ကောင်းမှုတော်စေတီတည်ရန် မြေနေရာညွှန်ပြသူ သိကြားမင်း၏ မေတ္တာရပ်ခံချက်ကြောင့် စေတီတော်မြောက်ဘက်တွင် ရေကန်တူးဖော်ခဲ့ရာမှသည် မေတ္တာကန်ဟု တွင်ခဲ့ကြောင်း ဆိုထားသည်။

မေတ္တာကန်နှင့်ပတ်သက်၍ ရှေးအစဉ်အဆက်ကတည်းက ယုံကြည်မှုများစွာရှိကြသည်။ ထူးခြားသောမေတ္တာကန်မှာ အရှေ့အနောက်အလျား ၂၉၉ ပေ ၆ လက်မရှိသည်။ စစ်ကိုင်းကောင်းမှုတော်ရောက်သူတိုင်း မေတ္တာကန်ဘက်သို့သွားကာ ငါးစာကျွေးခြင်းများ၊ လမ်းလျှောက်ကာ ကောင်းမှုတော်ဘုရားကို အဝေးမြင်ကွင်းမှ ဖူးမြော်ကြသည်။ ကောင်းမှုတော်ဘုရားဘေးမှ လှပစွာတည်ရှိနေသော မေတ္တာကန်၏ထူးခြားမှုကို ယနေ့တိုင် လက်ခံယုံကြည်ကာ စည်းကမ်းတကျ လိုက်နာကြကြောင်းသိရသည်။

စစ်ကိုင်းကောင်းမှုတော်နံဘေးမှ မေတ္တာကန်တွင် ထူးခြားချက်ခုနစ်ချက်ရှိသည်။ ထိုထူးခြားချက်များမှာ အခါခပ်သိမ်း ရေမခန်းခြင်း၊ ရေပြင်တွင် သစ်ရွက်အမှိုက်၊ ရေညှိတို့မရှိခြင်း၊ ရှေးခေတ်က တိုင်းပြည်အန္တရာယ်ကျရောက်လုချိန်တွင် ကန်ရေပြင်သည် ဆန်ဆေးရေကဲ့သို့ နောက်ကျိလာခြင်း၊ ကန်တွင်းသို့ အမျိုးသမီးများ ရေဆင်းချိုးခြင်း၊ ကန်ရေကို အမင်္ဂလာကိစ္စများတွင် အသုံးပြုမိပါက ဘေးဥပါဒ်ကျရောက်တတ်ခြင်း၊ မယုံကြည်၍ ကန်တွင်းမှ ငါးလိပ်တို့ကို ဖမ်းယူစားသောက်ပါက သိသိသာသာ ဒုက္ခရောက်တတ်ခြင်း၊ ကန်ရေကို မျက်စဉ်းခက်မှု သောက်သုံးမှုပြုပါက ရောဂါဝေဒနာသက်သာခြင်း၊ နှစ်ပေါင်း ၃၆၀ ကျော်ကြာမြင့်သော်လည်း ကန်ရေသည် နောက်ကျိပုပ်သိုးမှုမရှိခြင်းဆိုသော အချက်များပင်ဖြစ်သည်။

လက်ရှိကာလတွင် စစ်ကိုင်းကောင်းမှုတော်ရောက်ဘုရားဖူးများသည် ထူးခြားသော မေတ္တာကန်ကို အရောက်သွားကာ ငါးစာ၊ လိပ်စာကျွေးခြင်းများပြုလုပ်ကာ ကုသိုလ်ယူလေ့ရှိကြသည်။ မေတ္တာကန်မှသည် ကောင်းမှုတော်ဘုရား၏ အဝေးမြင်ကွင်းကို ဖူးမြော်လေ့ရှိကြပြီး အေးချမ်းစွာ လမ်းလျှောက်သွားလာလေ့ရှိကြောင်း သိရသည်။

**တိမ်တမန်**

# စေတုတ္တရာမြို့နယ်တွင် အမှိုက်သိမ်းယာဉ်တစ်စီး ထပ်မံလှူဒါန်း

**စေတုတ္တရာ နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် အမှိုက်သိမ်းယာဉ်တစ်စီး ဒုတိယအကြိမ် လှူဒါန်းပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာနကိုယ်စား စေတုတ္တရာမြို့ မုန်းဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးမင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့သို့ တရုတ်နိုင်ငံထုတ် SKAT အဖြူရောင်ခြောက်ဘီး အမှိုက်သိမ်းယာဉ်အား လွှဲပြောင်းပေးအပ်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၅ ရက်တွင် စေတုတ္တရာမြို့သို့ရောက်ရှိရာ မြို့နယ်ဖွံ့ဖြိုးရေးအထောက်ပြုကော်မတီဥက္ကဋ္ဌက မြို့အတွက်လိုအပ်လျက်ရှိသော အမှိုက်သိမ်းယာဉ်တစ်စီးအား ဖြည့်ဆည်းပေးပါရန် တင်ပြတောင်းခံမှုအပေါ် နိုင်ငံတော်သမ္မတမှ ဆည်မြောင်းဦးစီးဌာနအား ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကာ ဆည်မြောင်းဦးစီးဌာနမှ တရုတ်နိုင်ငံထုတ် SKAT အဖြူရောင်ခြောက်ဘီး အမှိုက်သိမ်းယာဉ်တစ်စီးအား နိုဝင်ဘာ ၆ ရက်တွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ပြီး ယခုဒုတိယအကြိမ်ထပ်မံ၍ အမှိုက်သိမ်းယာဉ်တစ်စီးအား မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့မိမြို့ဖများ၊ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ **တင်ထွန်းဦး(မင်းဘူး)**

# ကရင်ပြည်နယ်နေ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၃**

လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် နှစ် (၆၀) မြောက် ကရင်ပြည်နယ်နေ့တွင် စိုက်ပျိုးရေးဦးစီးဌာနမှကျင်းပသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို နှစ်စဉ်ထည့်သွင်းကျင်းပရာ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်ပြိုင်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ၏ အမှတ်ပေးစနစ်ကို ရှင်းလင်းတင်ပြကာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲသို့ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးမှ တောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင် ၁၄၆ ဦးတို့မှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်အမယ်ပေါင်း ၃၆ မျိုးကို လာရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု ၃၈ ဆု၊ ဒုတိယဆု ၃၇ ဆု၊ တတိယဆု ၃၆ ဆု၊ နှစ်သိမ့်ဆု ၅၃ ဆု စုစုပေါင်း ၁၆၄ ဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆုချီးမြှင့်ပွဲသို့ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးမန်းလှမြိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ၊ စိုက်ပျိုးရေးဝါသနာရှင်များ တက်ရောက်ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သမိုင်း၊ မြေကွက်အမှတ်-၁၃/က၁ မြေကွက် တည်နေရာအမှတ်(၈၉)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးသော်၊ ဒေါ်လှခင်) အမည်ပေါက်-မြေပိုင်မြေ B၊ အိမ်ယာမြေ မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)ဖြင့် ဒေါ်လှခင်မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်လှခင်မှ ကိတ္တိမမွေးစားခြင်း စာချုပ်အမှတ်-၉၃၁/၁၉၈၀ (၄-၈-၁၉၈၀)ဖြင့် ဒေါ်ခင်အေးဝင်းအား မွေးစားခဲ့ပါသည်။ ဒေါ်လှခင် ကွယ်လွန် သဖြင့် ဒေါ်ခင်အေးဝင်းမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၁၁၇၃/၁၉၈၅ (၂၈-၁၁-၁၉၈၅)၊ အမှား ပြင်စာချုပ်အမှတ်(၉၇၅/၂၀၁၂) ၂၁-၂-၂၀၁၂တို့ဖြင့် ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်အေးဝင်းမှာ ၁၅-၁၀-၂၀၁၂ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်း ဦးသန်းဆွေ၏ G/P (အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၇၁၀၂/၂၀၁၂) (၂၃-၁၀-၂၀၁၂)ရရှိသူ ဦးမင်းထူးလွင် [၁၂/သဃက(နိုင်)၀၂၇၀၅၉]မှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)မိတ္တူမှန်၊ ကိတ္တိမမွေးစားခြင်းစာချုပ်အမှတ် (၉၃၁/၁၉၈၀) (၄-၈-၁၉၈၀) မိတ္တူမှန်၊ အမွေ ဆက်ခံပိုင်ဆိုင်စာချုပ် ၁၁၇၃/၁၉၈၅(၂၈-၁၁-၁၉၈၅) မိတ္တူမှန်၊ အမှားပြင်စာချုပ် ၉၇၅/၂၀၁၂ (၂၁-၂-၂၀၁၂)၊ ဒေါ်ခင်အေးဝင်း ကွယ်လွန်ခြင်းအတွက် သေစာရင်း၊ G/P အထောက်အထား၊ G/Pပေးခြင်းအတွက် ပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ဦးသန်းဆွေမှာ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော် တရားမကြီးမှုအမှတ် ၁၁/၂၀၁၂(၂၀-၂-၂၀၁၅) ရက်စွဲပါ ဦးသန်းဆွေနှင့် စိန်နဂါးကြွေမြေ၊ စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းတို့ ရရှိခဲ့သည့် ပြေငြိမ်းဒီဂရီတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သမိုင်း၊ မြေကွက်အမှတ်-၁၃/က၁၊ မြေကွက် တည်နေရာအမှတ်(၈၉)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးသော်၊ ဒေါ်လှခင်) အမည်ပေါက်-မြေပိုင်မြေ B၊ အိမ်ယာမြေ မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)ဖြင့် ဒေါ်လှခင်မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်လှခင်မှ ကိတ္တိမမွေးစားခြင်း စာချုပ်အမှတ်-၉၃၁/၁၉၈၀ (၄-၈-၁၉၈၀)ဖြင့် ဒေါ်ခင်အေးဝင်းအား မွေးစားခဲ့ပါသည်။ ဒေါ်လှခင် ကွယ်လွန်သဖြင့် ဒေါ်ခင်အေးဝင်းမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၁၁၇၃/၁၉၈၅(၂၈-၁၁-၁၉၈၅)၊ အမှား ပြင်စာချုပ်(၉၇၅/၂၀၁၂) ၂၁-၂-၂၀၁၂တို့ဖြင့် ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်အေးဝင်းမှာ ၁၅-၁၀-၂၀၁၂ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်း ဦးသန်းဆွေ၏ G/P (အထွေထွေကိုယ်စားလှယ်လွှဲစာ-၁၇၁၀၂/၂၀၁၂) (၂၃-၁၀-၂၀၁၂)ရရှိသူ ဦးမင်းထူးလွင် [၁၂/သဃက(နိုင်)၀၂၇၀၅၉]မှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၈၈၉/၁၉၈၁(၂၄-၁၂-၁၉၈၁)မိတ္တူမှန်၊ ကိတ္တိမမွေးစားခြင်းစာချုပ်အမှတ်(၉၃၁/၁၉၈၀) (၄-၈-၁၉၈၀)မိတ္တူမှန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၁၁၇၃/၁၉၈၅(၂၈-၁၁-၁၉၈၅) မိတ္တူမှန်၊ အမှားပြင်စာချုပ် ၉၇၅/၂၀၁၂ (၂၁-၂-၂၀၁၂)၊ ဒေါ်ခင်အေးဝင်း ကွယ်လွန်ခြင်းအတွက် သေစာရင်း၊ G/P အထောက်အထား၊ G/Pပေးခြင်းအတွက် ပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ဦးသန်းဆွေမှာ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော် တရားမကြီးမှုအမှတ် ၁၁/၂၀၁၂(၂၀-၂-၂၀၁၅)ရက်စွဲပါ ဦးသန်းဆွေနှင့် စိန်နဂါးကြွေမြေ၊ စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းတို့ ရရှိခဲ့သည့် ပြေငြိမ်းဒီဂရီတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph: 209200, 544383, 430480

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အ. မ. က(၁၂)၊ တတိယတန်းမှ မနှင်းနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဦး[၇/ဒဥန(နိုင်)၁၆၁၅၂၆]ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်ဦး**

## အမည်ပြောင်း

ဝိုင်းမော်မြို့၊ သာယာအေးရပ်ကွက်၊ လမ်းသွယ်(၂၂)၊ အိမ်အမှတ်(၅၀)နေ (ဘ) ဦးဂျဂတ်ဗဟာဒူး၏သား မောင်နော်ရတ်[၁/ဝမန(နိုင်)၀၅၆၆၀၃]အား မောင်ဆင်းဗဟာဒူး ဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုဝေဖြိုးထွန်း[၁၂/ဒဂမ(နိုင်)၀၂၆၅၆၇]ကိုင်ဆောင်သူ CDC 83238 ၏ DSDသင်္ဘောသားလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၆၇၆၇၄၅**

**ဦးထွန်းလင်း (မန်နေဂျာ) အမှတ် (၃၁၀)၊ ပုလဲဘီလစ်မြေရောင်းဝယ်ရေး၊ မကွေရာမင်းသားကြီးလမ်း၊ ကနောင် (၈)လမ်းနှင့် (၉)လမ်းကြား၊ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး... သိသာရန်....**

ကျွန်ုပ်အမှုသည်ဖြစ်သူဦးကျော်ကျော် (မန်နေဂျာ) (၅/စကန (နိုင်) ၁၄၉၃၁၃) အေးမြတ်ချမ်းသာ ကြိမ်ထိုက်စက်ရုံ သုံးလျှပ်စစ် ပစ္စည်းနှင့်မီးသတ်ဘူးရောင်းဝယ်ရေး၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်။

လူကြီးမင်း၏ဆိုင်အတွက်ကျွန်ုပ်အမှုသည် လုပ်ငန်းမှပစ္စည်းများ လိုချင်ကြောင်း ဆက်သွယ် ပြောကြားခဲ့သဖြင့် ကျွန်ုပ်အမှုသည်က လူကြီးမင်း လုပ်ငန်းတည်ရှိရာ အထက်ပါလိပ်စာ သို့လျှပ်စစ်ပစ္စည်း (၇) မျိုးစုစုပေါင်းတန် ဖိုးကျပ်သိန်း (၄၂၂၅၃၈၀၀/-) ( ကျပ်သိန်း လေးရာ နှစ်ဆယ့် နှစ်သိန်း ငါးသောင်း သုံးထောင် ရှစ်ရာတိ ) အား (၂၆-၇-၂၀၁၅) ရက်နေ့တွင်ပေးပို့ခဲ့ကြောင်းသိရှိရပါသည်။ အဆိုပါပစ္စည်းများ၏တန် ဖိုးငွေများအားလူကြီးမင်း ကလုံးဝပေးချေခဲ့ခြင်း မရှိသည့်အတွက် (၉-၁၀-၂၀၁၅)ရက်စွဲပါ အကြောင်းကြား စာအား လူကြီးမင်းထံ ပေးပို့တောင်းခံခဲ့သော်လည်းလူကြီးမင်း၏ဆိုင်ပိတ်ထား၍အဆိုပါအကြောင်းကြားစာအားပေးဝေနိုင်ခြင်းမရှိခဲ့ပါ။

သို့ပါ၍ဤသတင်းစာကြော်ငြာပါသည့်နေ့မှရက်သတ္တပတ်အတွင်းကျွန်ုပ်အမှုသည်မှ လူကြီးမင်းလုပ်ငန်းတည်ရှိရာဆိုင်သို့ပေးပို့ခဲ့သည့်လျှပ်စစ်ပစ္စည်း(၇) မျိုး၏တန်ဘိုးငွေစုစုပေါင်းကျပ်သိန်း (၄၂၂၅၃၈၀၀/-)အားကျွန်ုပ်အမှုသည်ထံမပျက်မကွက်ပေးချေပါရန်အသိပေးအပ်ပါသည်။ထိုသို့ပေးချေခြင်းမပြုပါကလူကြီးမင်းထံမည်သို့မျှဆက်သွယ်ပြောကြားမှုမပြုတော့ဘဲတည်ဆဲဥပဒေများအရလူကြီးမင်းအပေါ်တရားစွဲဆိုအရေးယူဆောင်ရွက်ရ လိမ့်မည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျော့ကျော့လှိုင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၇၀၉၉)**
**(LL.B,LL.M,M.P.A,D.I.L,D.M.L,D.B.L)**
**အမှတ်(၈၅)၊ ၁၃ လမ်း၊ ၃ လွှာ၊ လမ်းမတော်မြို့နယ်**
**ဖုန်း- ၀၉-၅၀၄၉၆၈၃**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနအစီအစဉ်ဖြင့် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | သင်တန်းအမည် | - နိုင်ငံရေးသိပ္ပံဒီပလိုမာသင်တန်း (Diploma in Political Science) |
| ၂။ | သင်တန်းအောင်လက်မှတ် | - Diploma in Political Science (DPS) |
| ၃။ | သင်တန်းဝင်ခွင့်အရည်အချင်း | - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူများ |
| ၄။ | သင်တန်းကာလ | - (၉)လ |
| ၅။ | သင်တန်းဖွင့်မည့်နေ့ရက် | - ၇-၁၂-၂၀၁၅ရက်(တနင်္လာနေ့) |
| ၆။ | လျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် | - ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့) |
| ၇။ | လျှောက်လွှာပိတ်မည့်နေ့ရက် | - ၂၃-၁၁-၂၀၁၅ရက်(တနင်္လာနေ့) |
| ၈။ | ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့်နေ့ရက် | - ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) |
| ၉။ | လက်ခံမည့်နေရာ | - နိုင်ငံတကာဆက်ဆံရေးပညာဌာန - ဝေသာလီဆောင် |
| ၁၀။ | သင်တန်းချိန် | - နံနက် ၇နာရီမှ ၉နာရီအထိ (တနင်္လာနေ့ မှ သောကြာနေ့အထိ) |
| ၁၁။ | စုံစမ်းရန် | - နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၆၀၈၈ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်-(၆၁)၊ မြေကွက်တည်နေရာအမှတ်-(၆၁)၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (ဦးသိန်းမြင့်) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့် [၁၂/သဃက(နိုင်)၁၃၂၉၉၈] (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်သန်းနွဲ့[၁၂/သဃက(နိုင်)၀၃၈၀၅၃]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် ခင်ပွန်းသေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ဟိန်းမောင်မောင်[၁၂/စခန(နိုင်)၀၆၈၁၉၇] ကိုင်ဆောင်သူသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘဂုဏ်သိက္ခာ ကျအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးပြုံးချို-ဒေါ်ဆွေဆွေမာ**

ဆောင်းပါး

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ် ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ် ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြေး

ဆူဒိုနင်

### အခါးတွေ များလာတဲ့ စကားနယ်

နှုတ်ချို လျှိုတစ်ပါးဆိုတာ မြန်မာဆိုရိုးစကားပါ။ ချိုချိုသာသာပြောရင် လေယာဉ်ပျံတောင် အလကားစီးရသတဲ့ဆိုတဲ့ အတိသယဝုတ္တိအလင်္ကာအတိုင်း ပါပဲ။ ချိုချိုသာသာပြောခြင်းဟာ အင်မတန် မင်္ဂလာရှိတဲ့ အလုပ်၊ ဘုရားကြိုက်တဲ့ အလုပ်လို့ပဲ ဆိုလိုက်ချင်ပါတယ်။

ခက်တာက အခုခေတ်မှာ နှုတ်ချိုသူတွေ နည်းလာသလိုပဲ။ ပြောလိုက်ရင် ကြမ်းကြမ်းတမ်းတမ်းတွေချည်းပဲ အကြားရများလာတဲ့အခါ နားဝမှာ ခါးလွန်းမက ခါးလာလို့ သည်တစ်ပတ်တော့ သည်အကြောင်းကို မရဲတရဲပြောမယ်လို့ စိတ်ကူးလိုက်မိရပြန်ပါတယ်။

### အမိယုတ်တော့ နှုတ်ကြမ်း

တချို့ကတော့ မိဘနဲ့ ဘာမှ မဆိုင်ဘူးလို့ ပြောကောင်း ပြောကြပါလိမ့်မယ်။ ဒါပေမယ့် ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကြောင့် လူ့အပြုအမူတွေ ပြောင်းတတ်တဲ့ သဘောကိုတော့ လူ့အပြုအမူကို သိပ္ပံနည်းကျလေ့လာတဲ့ စိတ်ပညာဘာသာရပ်က လက်ခံထားတာလည်း အမှန်ဖြစ်သလို ဘုရားဟော ကျေးညီနောင် ပုံပြင်ကလည်း သတ္တဝါတို့ရဲ့ အမူအကျင့်အပေါ် ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုသဘောကို ပီပီပြင်ပြင် ရည်ညွှန်းထားပါတယ်။

ဆိုရိုးစကားတွေဆိုတာလည်း ယေဘုယျတွေကို ဆိုလိုရာ ရောက်တာမို့ အမိယုတ်တော့ နှုတ်ကြမ်း၊ အဘယုတ်တော့ ကိုယ်အမူအရာကြမ်းဆိုတဲ့ စကားဟာလည်းပဲ အများနဲ့သက်ဆိုင်ပါလိမ့်မယ်။ ခြွင်းချက်တွေ ရှာဖွေကြံဖန် ကတ်သတ်ပြီး ထောက်ကြစတမ်းဆိုရင်တော့ ဘယ်သူမဆို ထောက်နိုင်မှာပေါ့ဗျာ။ ဒါပေမယ့် အဲလိုထောက်တာနဲ့ မိမိတို့ ပတ်ဝန်းကျင်ကို ချေင်လာအောင် ဝိုင်းဝန်းကြိုးစားတာနဲ့ ဘယ်ဟာက ပိုပြီး မင်္ဂလာရှိမလဲဆိုတာတော့ ကျွန်တော် ပြောစရာတောင် လိုမယ်မထင်ပါဘူး။ စာဖတ်သူလူကြီးမင်းများမှာ ကိုယ်ပိုင် ဆင်ခြင်ဉာဏ် အသကအသကနဲ့သာမို့ မိမိတို့ဘာသာ ဆင်ခြင်တော်မူနိုင်ကြမှာလည်း မလွဲပါဘူး။

### သွန်သင်မှုမဲ့ခဲ့တာ နှစ်ပေါင်းရယ်ကြာ

ပြောရတာတော့ သိပ်မကောင်းပါဘူး။ ကျွန်တော်တို့ လူထုမှာ စားဝတ်နေရေးအတွက်ကို မဲတင်းနေရတာ နှစ်တွေ မနည်းတော့ပါဘူး။ လူတိုင်းမှာ ဖိစီးမှုအပြည့်နဲ့ပါ။ စားဝတ်နေရေး အပြင်၊ မီးမလာ၊ ရေမလာမှာ ပူရ၊ လိုင်းကားကြပ်မှာပူရ၊ ဈေးစာရင်းအကြောင်းပြန့် ညကြီး အချိန်မတော် အိမ်ပေါက်ဝ ရောက်ချလာမယ့် လူတွေကို ပူရ၊ အထက်လူကြီးအိမ်ကမိန်းမနဲ့ အဆင်မပြေဖြစ်လာမှာပူရနဲ့ ကျွန်တော်တို့ လူဦးရေရဲ့ ၉၉ ရာခိုင်နှုန်းဟာ အပူတောထဲမှာ နစ်မျောနေခဲ့တာပဲ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပါပြီ။

အဲတော့လည်း မိဘအတော်များများဟာ ကိုယ့်အပူနဲ့ကိုယ် လုံးချာလိုက်နေရင်း သားသမီးတွေကို သွန်သင်ဖို့ အထိုက်အလျောက် ပျက်ကွက်နေကြပါတော့တယ်။ လက်ဦးဆရာ မိဘတွေတင် အဲသလို အပူအပင်တွေနဲ့ ဖိစီးနေတာ မဟုတ်ဘူး၊ ကျောင်းက ဆရာ၊ ဆရာမတွေခမျာများမှာလည်း အပူပေါင်းသောင်းခြောက်ထောင်နဲ့ဖြစ်တဲ့အပြင် ကျောင်းသင်ခန်းစာတွေမှာလည်း အပြုအမူနဲ့ ပတ်သက်တာ နကန်းတစ်လုံး မပါလေတော့ကာ တစ်ချိန်က အင်မတန်ယဉ်ကျေးပါတယ်ဆိုတဲ့ ရွှေမြန်မာတွေသည်ခေတ်မှာ တရားလွန် နှုတ်ကြမ်းကုန်ကြတာ အဆိုးမဆိုးသာပြန်ပါဘူး။

ပျက်အစဉ် ပြင်ခဏဆိုတဲ့ စကားအားကိုးလေးနဲ့ သည်စာကို ကျွန်တော် ရေးကြည့်ပါတယ်။ (တကယ်တော့ အားက သေလုအောင်ကို ပျက်နေပါပြီ။)

### ကိုယ်ကြိုက်တာ ကိုယ်လုပ်

အဓိကကတော့ ကိုယ်ချင်းစာစိတ် အားနည်းနေကြတယ်လို့ပဲ ယူဆမိပါတယ်။ ကိုယ့်ကို ကြမ်းကြမ်းတမ်းတမ်းပြောရင် ကိုယ်ကြိုက်မလား၊ ဆဲဆိုအော်ဟစ်ပြီး ပြောဆိုတာကို ကြိုက်ပါတယ်ဆိုတဲ့လူ သည်ဇမ္ဗူမှာ မရှိလောက်ဘူး ထင်ပါတယ်ခင်ဗျာ။ ကန့်လန့်တိုက်ပြီး ကျပ်ကတော့အဲလိုပြောမှ ကြိုက်တာပါဆိုတဲ့သူတော့ ရှိနိုင်တာကိုလည်း မမေ့ပါဘူး။ သို့သော် အဲလိုလူလည်း သူမထင်တဲ့အချိန်မှာ အဲသလို သွားပြောရင် ထမထိုးတောင် မျက်ထောင့်တော့ နီသွားမှာလည်း မလွဲပါဘူး။

ကိုယ်ကြိုက်တာ ကိုယ်လုပ်ဆိုတဲ့ စကားလေးက အင်မတန်တာသွားပါတယ်။ ကိုယ့်ကို ချိုချိုသာသာ ချေချေငံငံ ပြောတာ ကြိုက်လို့ရှိရင် ကိုယ်လည်း တခြားသူတွေအပေါ်မှာ ချေချေငံငံ ဖွယ်ဖွယ်ရာရာ ပြောဆိုသင့်ပါတယ်။

ထိုင်းကိုပဲ နမူနာ ပြပါဦးမယ်။ ထိုင်းတွေ အော်ကြီးဟစ်ကျယ်ပြောတာ အင်မတန် တွေ့ရခဲပါတယ်။ သူတို့ကို အော်ရင်လည်း မကြိုက်ပါဘူး။ အော်တာ ဝေးစွ၊ ထိုင်းမှာနေတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်က လမ်းကျဉ်းလေးထဲမှာ ပိတ်ရပ်ထားတဲ့ ကားကို စိတ်မရှည်လို့ ဟွန်းတီးမိတဲ့အတွက် သေနတ်နဲ့ လှမ်းပစ်တာတောင် ခံခဲ့ရဖူးပါတယ်။ အတင်းမောင်းပြေးတာမြန်လို့ လူကိုမထိခိုက်ပေမယ့် ကားမှန်ကွဲတဲ့အထိ ပျက်စီးသွားခဲ့တာပါ။

ကျွန်တော် ကိုယ်တွေ့ကြုံခဲ့တာကတော့ တစ်နှစ်က သင်္ကြန်မှာပါ။ ည ၁၂ နာရီလောက် အငှားယာဉ်တစ်စီးနဲ့ ပြန်အလာ၊ လမ်းတစ်နေရာမှာ နည်းနည်းမူးနေပုံရတဲ့ လူငယ်လေးနှစ်ဦး လမ်းကူးမယ်လုပ်တာမြင်တော့ ကားဆရာက မျဉ်းကြားမဟုတ်သည့်တိုင် ကားကိုရပ်ပေးလိုက်ပါတယ်။ လူငယ်လေးတွေဟာ ကားဆရာကို လက်အုပ်ချီ၊ ဦးညွှတ်ရင်းက လမ်းကူးသွားကြတာကို မြင်လိုက်တဲ့အခါ ကျွန်တော့်ရင်ထဲမှာ လှိုက်ကနဲခံစားလိုက်ရခြင်းနဲ့အတူ ကျွန်တော့်ခြေထောက်ကို တက်နင်းမိသွားတာတောင် ကန်တော့နော်၊ မတော်လို့ပါ ခင်ဗျာလို့ ပြောရမှာ ဝန်လေးကုန်ကြတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေကို ပြန်မြင်ယောင်မိလိုက်ရပြန်ပါတယ်။

ကျွန်တော်၊ ကျွန်မလို့တောင် မပြောနိုင်ရှာ၊ ဆရာခေါ်ရမှာ ဝန်လေးရှာကုန်တဲ့ ရွှေမြန်မာတချို့ ကျွန်တော်တို့ နိုင်ငံသားတချို့ဆို ကျွန်တော်၊ ကျွန်မဆိုတဲ့ စကားတောင် မပြောနိုင်ရှာကြတော့ပါဘူး။ ဘာဖြစ်လို့ နှိမ့်ချရမှာလဲဆိုတဲ့ အတွေးနဲ့ ကျနော်၊ ကျမလို့ အသံထွက်တဲ့အတိုင်းရေးလိုရေး၊ အခုဆို ကျွန်တော်ကို ကျော်လို့တောင် ထွင်ရေးနေတဲ့အထိ ဖြစ်လာပါပြီ။

ဆရာခေါ်ဖို့လည်း အင်မတန် ဝန်လေးတဲ့သူတွေလည်း တွေ့လာရပါတယ်။ ကိုယ့်ကို စာသင်ပေးတဲ့သူမှ မဟုတ်တာ၊ ဘာလို့ ဆရာခေါ်ရမှာလဲဆိုတဲ့ စကားတွေလည်း ကြားရတော့ ပင့်သက်ချမိရပြန်တယ်။ ဆိုက်ကားဆရာရေ "အားသလားဗျာ၊ ကားဆရာကြီးရေ" ကျွန်မကို ဒါလေးကူသယ်ပေးပါလားရှင် ဆိုတာမျိုးကို မကြားဖူးကြတော့တဲ့သဘောကို ပြဆိုနေပါတယ်။ ဒါမှမဟုတ်ရင်လည်း အဲဒါမျိုးကို သူတို့မိဘတွေရဲ့ နှုတ်ကထွက်တာတောင် မကြားဖူးတဲ့ သဘောကို ဆောင်လို့နေပါတယ်။

### ဖွယ်ရာချေင်ခြင်းသာ အောင်မြင်ရာ

လူ့အောက်ကျို့လို့ လူပိမသေဘူးဆိုတဲ့ စကားကလည်း အိုလှ ဟောင်းလှ ပါပြီ။ ဒါပေမယ့် အတော်များများဟာ အောက်ကျို့ရမှာကို သေမလောက် ကြောက်နေတတ်ကြပါတယ်။

တကယ်က နှုတ်ချိုခြင်း၊ ဖွယ်ရာချေင်ခြင်းဟာ ကိုယ်လိုချင်တာကို ရရှိရေးမှာ အင်မတန်အရေးပါပါတယ်။ ဟော့ကောင် "ဟိုဘက်နည်းနည်းတိုးစမ်းလို့ လူအုပ်ကြားက သူစိမ်းတစ်ယောက်ကို သွားပြောရင် အဆင်မပြေတာကို လူတိုင်းနားလည်ပါလိမ့်မယ်။ ဒါပေမယ့် အစ်ကိုလေးရေ" တဆိတ်လောက် ဟိုဘက်နည်းနည်းတိုးပေးပါလားခင်ဗျာဆိုတာမျိုးနဲ့ ပြောလိုက်ရင် တစ်ဖက်သားက လိုလိုချင်ချင်တိုးပေးဖို့ အလားအလာပိုများပါတယ်။

သည့်ထက် အရေးကြီးတဲ့ ဘဝထဲက ကိစ္စတွေမှာတော့ နှုတ်ချိုခြင်း၊ မိမိကိုယ်ကို နှိမ့်ချခြင်း၊ လူ့အောက်ကျို့ခြင်းဟာ အင်မတန်အောင်မြင်တာ ကျွန်တော့်မှာ ကိုယ်တွေ့တွေ အများကြီးရှိပေမယ့် စာမျက်နှာ အကန့်အသတ်ကြောင့် နမူနာတွေ ရေးမပြနိုင်တော့ပါဘူး။

အဲလိုပြောတဲ့အတွက် ကျွန်တော်နှုတ်မကြမ်းဘူးလားဆိုတော့ အင်မတန်ကြမ်းလှတာကိုလည်း ဝန်ခံရမှာပါ။ သွားလေသူ ကျွန်တော့်အဖေရော၊ ကျွန်တော့်အမေပါ လွန်စွာ နှုတ်ကြမ်းသလို အဆဲလည်းသန်ကြတာမို့ ကျွန်တော်လည်း အင်မတန်နှုတ်ကြမ်းလှပါတယ်။ တခြားတောင် မဟုတ်ပါဘူး။ ကွန်ပျူတာ အဆင်မပြေလည်း ကျွန်တော်ထဆဲမိတတ်ပါတယ်၊ ကိုယ့်ဘာသာ နမော်နမဲ့နဲ့ တစ်ခုခုကို တိုက်မိခိုက်မိသွားရင်လည်း အဆဲစကားလုံး ပါးစပ်ကထွက်တတ်ပါတယ်။

တကယ့် လူမှုဘဝနယ်ပယ်မှာလည်း ကျွန်တော့် ဒေါသ၊ ကျွန်တော့် နှုတ်ကြမ်းမှုကြောင့် မိတ်ပျက်ရတာ၊ တောင်းပန်ရတာ၊ စိုတဲ့လက်တွေ ခြောက်ကုန်တာ မနည်းမနောပါပဲ။

သို့ပေမယ့် ဖွယ်ရာ ချေင်ရင် ပိုအဆင်ပြေတာကို သတိထားမိလာတဲ့ နောက်ပိုင်းမှာ ကျွန်တော်လည်း အတတ်နိုင်ဆုံးဆင်ခြင်နေပါတယ်။ သတိကို တတ်နိုင်သမျှထိန်းပြီး အခါခပ်သိမ်း ချေချေငံငံပြောဖြစ်အောင် အားထုတ်နေပါတယ်။

### အကျင့်ကို အကျင့်နဲ့ ပြင်နိုင်ပါကြောင်း

တချို့ကတော့ ပြောချင်ကြပါလိမ့်မယ်။ အကျင့်ပါနေပြီ၊ မရတော့ဘူးလို့။

သည်စကားဟာ အတိုင်းအတာ တစ်ခုအထိ မှန်ပါတယ်။ သွေးထဲသားထဲမှာသာမက အရိုးထဲအထိတောင် စွဲနေတဲ့အကျင့်တွေဟာ အင်မတန် ပြင်ရခက်တယ်ဆိုတာလည်း အမှန်ပါ။ ဒါပေမယ့် တကယ်ပြင်ချင်စိတ်ရှိရင်တော့ ပြင်လို့ရပါတယ်။

အဲဒါလည်း မယုံမရှိနဲ့ ကိုယ်တွေ့ပါခင်ဗျာ။ အရင်ကဆို ထစ်ခနဲရှိ လက်ပါချင်တတ်တဲ့ ကျွန်တော်ဟာ အခုဆို ဘယ်သူ့ အပေါ်မှာမှ လက်မပါတော့တာ ၂၁ နှစ်တင်းတင်းပြည့်လို့ ၂၂ နှစ်ထဲ ရောက်လာခဲ့ပါပြီ။ ဘယ်လို ပြင်သလဲဆိုရင်တော့ အကျင့်ပါနေတာကို နောက်ထပ် အကျင့်တစ်ခုနဲ့ပဲ ပြန်ပြင်ယူတာပါ။ စွဲနေတဲ့ အကျင့်ကို ပြင်ဖို့ခက်တဲ့ ကြားကပဲ အဲဒီအကျင့်ဆိုးကို ဖျောက်ယူတဲ့ အကျင့်လေးပြန်စွဲလာအောင် လုပ်ယူခဲ့တာပါ။ မလွယ်တဲ့ ကြားကပဲ သတိလေးနဲ့ မရကုပ်ကပ် ထိန်းယူခဲ့ရတာပါပဲ။

### မောက်မာမှုရဲ့ မူလဘူတ

လူ့သဘာဝကို သေချာ စေ့ငုကြည့်မယ်ဆိုရင်တော့ စိတ်ဓာတ်မလုံခြုံသူတွေ၊ စိတ်သဘောထား နုနယ်သူတွေဟာ အင်မတန် မောက်မာကြပါတယ်။ တစ်ဖက်သားကို အင်မတန်သဟောက်သဟ လုပ်ချင်တတ်ကြပါတယ်။ ပါးပိတ်ရိုက်လိုက်မယ်တို့၊ သေချင်လားတို့ ကြုံးဝါးနေသူများဟာ တကယ့်အတွင်းစိတ်မှာ မလုံခြုံကြသူတွေသာ ဖြစ်ပါတယ်။

တစ်ချိန်က တက္ကသိုလ် ဆရာ ဆရာမကြီးများဟာ တပည့်တွေကို ကျွန်တော် ခင်ဗျား၊ ရှင် ကျွန်မနဲ့ ပြောခဲ့ကြပါတယ်။ တပည့်တွေက သူတို့ကို ဆရာ၊ ဆရာမ၊ ဆရာကြီး၊ ဆရာမကြီး၊ လို့ ခေါ်ကြသည့်တိုင် သူတို့ကတော့ တစ်သမတ်တည်းပါပဲ၊ ခင်ဗျား ကျွန်တော်၊ ရှင် ကျွန်မပါးစပ်က မချပါဘူး။ စိတ်ပညာ ပါမောက္ခဆရာဒေါက်တာ ကျော်စိန်၊ ကွယ်လွန်သူ ဆရာမကြီး ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ ကွယ်လွန်သူ စိတ်ပညာဌာနမှူး ဒေါ်ခင်မျိုးရီ၊ ဆရာမကြီး ဒေါ်ခင်ခင်ဆွေတို့ ပို့ချတဲ့ သင်တန်းတွေကို ၂၀၀၃ ခုနှစ်မှာ ကျွန်တော်တက်ခဲ့ဖူးတာမို့ အဲဒီဆရာ၊ ဆရာမကြီးတွေရဲ့ ချေင်ဖွယ်ရာလှတဲ့အပြောအဆိုတွေက နားထဲမှာ စွဲနေပါတယ်။ တစ်ဆက်တည်းမှာပဲ ပြည့်တဲ့ အိုးတွေ ဘောင်ဘင်မခတ်ဘူးဆိုတာကိုလည်း အသေအချာ သတိထားမိပါတယ်။

ဆရာတစ်ယောက်ဆို သင်တန်းမှာတောင် မဟုတ်ဘူး၊ အများဗိုလ်ပုံ အလယ်မှာ စကားပြောရင်လည်း သူ့ကိုယ်သူ ဆရာကလေ၊ ဆရာကလေနဲ့ တစ်ပြားမှ မလျှော့ပါဘူး။ သူလည်းနှယ်နှယ်တော့ မဟုတ်ဘူးခင်ဗျ။ ပါရဂူဒေါက်တာဘွဲ့ရပါပဲ။ သို့ပေမယ့် သူ့ပြောပုံဆိုလက်ကို နားထောင်ရင်း သူ့ရင်တွင်းက သိမ်ငယ်စိတ်၊ မပြည့်ဝ စိတ်ကို လှစ်ခနဲလှမ်းမြင်လိုက်မိပါတယ်။

### တဆိတ်လောက် ကိုယ်ကြိုက်တာလေးပဲ ရွေးလုပ်ကြပါလားခင်ဗျာ

နိဂုံးချုပ်ရရင်တော့ဗျာ "မောက်မာခြင်း၊ နှုတ်ကြမ်းခြင်း၊ ကိုယ့်ကိုယ် ကိုယ်ဖော်ခြင်းများဟာ မိမိတို့ရဲ့စိတ်ဓာတ်သိမ်ဖျင်းမှု၊ မလုံခြုံမှု၊ မပြည့်ဝမှုကို လှစ်ပြရာ ရောက်နေတာမို့ စာဖတ်သူလူကြီးမင်းများအနေနဲ့ ဘယ်လမ်းကို ရွေးပြီး ဘယ်ပုံပြောဆိုသင့်တယ်ဆိုတာ ဆင်ခြင်နိုင်ကြမယ်လို့ မျှော်လင့်မိရပါတယ်။

ပြောခဲ့ပြီး စကားကိုပဲ ပြန်ကောက်ပါရစေ။ နှစ်ထပ်ရှိရင် မှတ်မိမလားဆိုတဲ့ မျှော်လင့်ချက် ခပ်ပါးပါးနဲ့ပေါ့ ခင်ဗျာ။ ကိုယ့်ကိုဘယ်လိုပြောဆို ဆက်ဆံစေချင်သလဲ၊ အဲဒီပုံစံအတိုင်းပဲ ကိုယ်လည်းသူတစ်ပါးကို ပြောဆိုဆက်ဆံသွားမယ်ဆိုရင်ယဉ်ကျေးဖွယ်ရာတဲ့ရွှေမြန်မာတွေဘဝကိုပြန်ရောက်လာကြပါလိမ့်မယ်။

တစ်နည်းပြောရင် ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြေးဆိုတာလေးကိုသာ အားလုံးက နှလုံးသွင်းနိုင်ကြမယ်ဆိုရင်တော့ ရွှေမြန်မာတွေ ရွှေအစစ်ဖြစ်လာနိုင်မယ့်အကြောင်း မရဲတရဲနဲ့ပဲ ဇွတ်မှိတ်ပြောလိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

တကယ်က နှုတ်ချိုခြင်း၊ ဖွယ်ရာချေင်ခြင်းဟာ ကိုယ်လိုချင်တာကို ရရှိရေးမှာ အင်မတန် အရေးပါပါတယ်။ ဟော့ကောင် "ဟိုဘက်နည်းနည်းတိုးစမ်းလို့ လူအုပ်ကြားက သူစိမ်း တစ်ယောက်ကို သွားပြောရင် အဆင်မပြေတာကို လူတိုင်းနားလည်ပါလိမ့်မယ်။ ဒါပေမယ့် အစ်ကိုလေးရေ" တဆိတ်လောက် ဟိုဘက်နည်းနည်းတိုးပေးပါလားခင်ဗျာဆိုတာမျိုးနဲ့ ပြောလိုက်ရင် တစ်ဖက်သားက လိုလိုချင်ချင်တိုးပေးဖို့ အလားအလာပိုများပါတယ်။

ပြည်တွင်းရေးရာ

## ရေနစ်မြုပ်နေသော လယ်ယာမြေများအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်

**မော်လိုက် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးပြီးလယ်များ၊ ပျိုးပင်များနှင့် မျိုးစေ့များပျက်စီးဆုံးရှုံးခဲ့ကြရသဖြင့် တောင်သူများ လယ်ယာမြေလုပ်ငန်းပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အခမဲ့ထောက်ပံ့မှုဖြင့် စပါးရေနစ်ပျက် တောင်သူများသို့ မျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းစိန်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မျိုးစေ့ထောက်ပံ့ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့်နှင့် တာဝန်ရှိသူတို့က မျိုးစေ့ထုပ်များအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ကလေးလွှင်ပြင်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်

**ကလေး နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးလွှင်ပြင် ရေကြီးရေလျှံမှုကြောင့် လူနေအိမ်၊ စာသင်ကျောင်း၊ လမ်းမကြီးများနှင့် လမ်းဘေးရေနုတ်မြောင်းများ ကြီးမားစွာ ပျက်စီးခဲ့သည့်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများနှင့် လူအင်အားများကိုအသုံးပြုကာ အားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကလေးမြို့နယ် ပြင်သာကျေးရွာ လူနေအိမ်သစ်ခုနစ်လုံးကို အင်အား ၃၀ ဦးတို့ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပြီး ကလေး-ပြင်သာလမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် အောက်ခံလွှာ သဲကြပ်ခြင်းလုပ်ငန်းကို လူအင်အား ၁၀၀ ဦး၊ လမ်းကြိတ်စက်တစ်စီး၊ မြေတူးစက် တစ်စီး၊ မြေတူးစက်အသေး နှစ်စီး၊ မြေထိုးစက် တစ်စီး၊ မြေသယ်ယာဉ်သုံးစီးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ရေနုတ်မြောင်း အုတ်စီခြင်း၊ ကျောင်း အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လူအင်အား ၃၀ ဦးတို့ဖြင့်လည်းကောင်း၊ ကျီကုန်းကျေးရွာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို မြေတူးစက်တစ်စီး၊ မြေထိုးစက်တစ်စီးဖြင့်လည်းကောင်း၊ နတ်ကြီးကုန်းကျေးရွာ ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို မြေတူးစက် တစ်စီးဖြင့်လည်းကောင်းအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မော်လိုက်ကလေးကျေးရွာ ရွာသစ်လမ်းအူကြောင်းဖောက်လုပ်ခြင်း လုပ်ငန်းကို မြေထိုးစက်တစ်စီးဖြင့်လည်းကောင်း၊ နန်းစောင်းပုကျေးရွာလမ်းအူကြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို မြေထိုး စက်တစ်စီးဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိရာကလေးလွှင်ပြင်ရေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုများမကြာမီကာလအတွင်း အောင်မြင်ပြီးစီးလာတော့မည်ဖြစ်ကြောင်း သိရသည်။



**ချင်းတွင်းသား(ပြန်/ဆက်)**

## ကျွန်းလှ-သဖန်းဆိပ်လမ်းမှတံတား တစ်စင်းပြီးစီး



**ကျွန်းလှ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉ ဒသမ ၅၀၀ ဖြင့် ကျွန်းလှ-သဖန်းဆိပ်လမ်းတွင် (အလျား ၁၈ × အနံ ၆ ပေ× အမြင့် ၃) ပေရှိ BoxCulvert တံတားလေးစင်းကို AFC ကုမ္ပဏီက တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းမှာပြီးစီး၍ တံတားသုံးစင်းကို ကျောက်ရိုးစီပြီးဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်း၊ အရှေ့ခြမ်းကျေးရွာများမှာ ဒီလမ်းကို အားကိုးပြီး သွားလာကြရပါတယ်။အရင်က ကျောက်ချောလမ်းသာရှိပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းလိုက်တော့ သွားလာရေးလွယ်ကူပြီး ကျေးရွာတွေလည်း ဖွံ့ဖြိုးလာခဲ့ပါတယ်။

"ဒါပေမဲ့လည်း လမ်းပေါ်နေရာတစ်ချို့ ရေကျော်တွေရှိနေပါတယ်။ ယခုရေကျော်တွေကို တံတားခင်းတော့ သွားလာရေးပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**


အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

ဆုပြည့်
ကျိုက်ထီးရိုး(နေ့စဉ်) 6+1 FREE
ချောင်းသာ (နေ့စဉ်)
တားခသိုးသန့် /တားစီးလုံးငှားသည်
0931815390,0931815395

aroma (Zulu Studio)
Wedding Dress, Video & Photo Studio
လစာကောင်းကောင်းပေး၍အမြန်ဆုံးခန့်ပါမည်
S-25, ဦးချစ်မောင်လမ်း၊ ဦးချစ်မောင်အိမ်ရာ၊ တာမွေ။ Ph: 09-8611521

| | | |
|---|---|---|
| 1 | Pro Camera Man (အတွေ့အကြုံရှိရမည်) | ကျား/မ ၁၀ ဦး |
| 2 | Junior Camera Man (အလုပ်သင်အနေဖြင့်ခန့်ပါမည်) | ကျား/မ ၁၀ ဦး |
| 3 | Pro Video Man (အတွေ့အကြုံရှိရမည်) | ကျား/မ ၁၀ ဦး |
| 4 | Junior Video Man (အလုပ်သင်အနေဖြင့်ခန့်ပါမည်) | ကျား/မ ၁၀ ဦး |
| 5 | အလုပ်သင်အကူဝန်ထမ်း (Studio) (အဆောင်နေနိုင်ရမည်) | ကျား/မ ၂၀ ဦး |
| 6 | အရောင်းဝန်ထမ်း (အဆောင်နေနိုင်ရမည်) | ကျား/မ ၁၀ ဦး |
| 7 | Graphic Designer (အတွေ့အကြုံရှိရမည်) | ကျား/မ ၁၀ ဦး |
| 8 | Junior Graphic Designer (အလုပ်သင်အနေဖြင့်ခန့်ပါမည်) | ကျား/မ ၁၀ ဦး |
| 9 | Video Editor (အတွေ့အကြုံရှိရမည်) | ကျား/မ ၁၀ ဦး |
| 10 | အဝတ်လျှော် + မီးပူတိုက် + သန့်ရှင်းရေး | ကျား/မ ၅ ဦး |
| 11 | အိမ်အကူဝန်ထမ်း | ကျား/မ ၃ ဦး |
| 12 | စက်ချုပ်ကျွမ်းကျင် | ကျား/မ ၅ ဦး |
| 13 | အဆိုတော်နောက်လိုက်အကူ | ကျား/မ ၂ ဦး |
| 14 | ကားမောင်းကျွမ်းကျင် | ကျား/မ ၂ ဦး |

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှိုင်မြို့နယ်
ဘိုးဘွားပိုင်မြေ (မြေပိုင်မြေ)၊ ပေ(၂၅×၅၀)၊ ပေ(၅၀×၅၀)
နှစ်ကွက်တွဲလျက်
ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၅၉၇၉၆၈၈၊ ၀၉-၅၀၉၃၃၉၆

ရန်ကုန် ဆောက်လုပ်ရေး နှင့် အိမ်ခြံမြေဈေးကွက်သုတေသန



မျိုးမော်ဦး Member of ULI (Urban Land Institutute) Young Leaders
ကွန်ဒိုမီနီယံစီမံကိန်း ၂၃၆ခု၊ ရုံးခန်းအဆောက်အအုံစီမံကိန်း ၃၅၃ နှင့် စက်မှုဇုန်များအပေါ်စစ်တမ်းကောက်ယူ၍ "အိမ်ခြံမြေဘောဂဗေဒသီအိုရီ" များအပေါ်တွင်အခြေခံ၍သုတေသနပြုလုပ်ထားပါသည်။
ရန်ကုန် - စာပေလောက၊ စိတ်ကူးချိုချို၊ အင်းဝ၊ ရာပြည့်၊ Tab Book၊ အရက်သစ်မျက်ပွင့်။ မန္တလေး - နဂါး၊ ထွန်းဦး။ မုံရွာ - အောင်မင်္ဂလာ။ စင်ကာပူ - အောင်ချမ်းသာ (Peninsula Plaza)။ (ထွက်ပြီ)
ထုတ်ဝေရေး - Myanmar Property Outlook။ ဖြန့်ချိရေး - ရှုတိုင်းယဉ်ဥပဒေနှင့်ရသစာပေ။
ဖုန်း၀၁-၂၅၄၀၀၃၊ ၃၈၇၆၃။ အမှတ်(၁၀၀)၊ မြေညီ၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

MMA
Software - ၁ သိန်း
Hardware -၁ သိန်း
မိုဘိုင်း၊ဖုန်း၊ပြုပြင်နည်း၊သင်တန်း၊ကျောင်း၊ အပတ်စဉ်တန်းခွဲသစ်ရှိသည်
* ဖုန်းတစ်လုံးတွင်ပါဝင်သည့် Circuit ပေါ်ရှိအခြေခံ Component များ filter များ၊ Conventerများနှင့် IC များကို ကျွမ်းကျင်စွာကိုင်တွယ်ပြုပြင်တတ်စေရန် သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် သင်ကြားပေးမည်
* Android & iOS firmware restore,upgrade & downgrade,Jail Break & Root, Network Unlock, IMEI ရေးသားခြင်း, softbrick & hardbrickပြေရှင်းနည်းများကိုအခြေခံမှစတင်၍ ကျွမ်းကျင်သည့် ပညာရှင်များကိုယ်တိုင် စာတွေ့လက်တွေ့ဖြင့် ထိရောက်စွာသင်ကြားပေးသည်။
* ဆိုင်ဖွင့်လိုသူများ နှင့် အလုပ်ဝင်မည့်သူများအား အစစအရာရာကူညီပံ့ပိုးပေးမည်။
အမှတ်(၈၁)၊လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ် (စံပြရုပ်ရှင်ရုံနှင့်မော်တင်တာဝါကြား)
09-263727300, 09-31942513
10% off
နယ်သင်တန်းသားများ အတွက် အဆောင် အခမဲ့စီစဉ်ပေးသည်

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်
နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။
နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာခန့်ထားရန်။
ဆက်သွယ်ရန်ဖုန်း။ ။၀၉၄၃၁၇၂၃၄၀၊ ၀၉၅၁၉၅၇၂၁
(ရုံးချိန်အတွင်းသာ)

# ပေါက်မြို့နယ်တွင် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပန်းမုန်လာစိုက်ပျိုးခြင်းဖြင့် တွက်ခြေကိုက်

**ပေါက် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အင်းတောကျေးရွာနေ တောင်သူများ မိသားစုအပိုဝင်ငွေ တစ်ဖက်တစ်လမ်းမှရရှိစေရေးအတွက် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပန်းမုန်လာကို နှစ်စဉ်စိုက်ပျိုးရာ ယခုအချိန်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း တွေ့ရသည်။

ပန်းမုန်လာစိုက်ပျိုးခြင်းသည် အင်းတောကျေးရွာသားတို့၏ ကိုယ်ပိုင်စားဝတ်နေရေးအတွက် ပင်မလုပ်ငန်းဖြစ်သည်။

အဆိုပါပန်းမုန်လာပင်စိုက်ပျိုးရန် အတွက် မြေသားကို ညက်ညက်ထွန်ယက်ပြုပြင်ရကာ အောက်ခံမြေဩဇာနှင့်နှပ်ထားပြီး တစ်ပတ်ခန့်အကြာတွင် စတင်စိုက်ပျိုးရကြောင်း လက်ရှိစိုက်ပျိုးနေသူတစ်ဦးက ပြောသည်။

ပန်းမုန်လာပင်ကို စိုက်ပျိုးရာတွင် ပင်ကြား၊ တန်ကြား တစ်တောင်ခန့်စိုက်ပျိုးရပြီး မြေတစ်ဧကလျှင် အပင်ရေ ၁၀၀၀၀ ကျော်ကျော် စိုက်ပျိုးနိုင်သည်။

အောက်ခံမြေဩဇာအဖြစ် အပင် ၁၀၀၀ လျှင် အာမိုဓာတ်မြေဩဇာ တစ်ပြည်၊ ပုလဲတစ်ပြည်နှင့် နွားချေးတင်း ၁၀၀ နှုန်း အောက်ခံထားစိုက်ပျိုးပေးရကာ အပေါ်ဘက်အနေဖြင့် အပင်၏ ဖြစ်ထွန်းမှုအပေါ် မူတည်၍ မြေဩဇာကျွေးပေးရသည်။

မြေဩဇာကျွေးပြီးတိုင်း ရေအဝပက်ဖြန်းသွန်းပေးရပြီး ပိုးသတ်ဆေးအနေဖြင့် စိုက်ပြီး ၁၅ ရက်ခန့်အကြာတွင် စတင်ပက်ဖြန်းပေးရကာ အပင်၏ရောဂါကျရောက်မှုအပေါ်မူတည်ကာ လိုအပ်သလိုပက်ဖြန်းပေးရကြောင်း အဆိုပါစိုက်ပျိုးသူက ဆက်လက်ပြောသည်။

စိုက်ပြီး ရက်ပေါင်း ၆၀ ခန့်ရှိသော် ပန်းပွင့်ကလေးများ စတင်ဝေဆာထွက်ပေါ်လာပြီး ရက်ပေါင်း ၇၅ ရက်ကြာသော် စတင်ဆွတ်ခူးရောင်းချနိုင်သည့်အနေထားတွင် ရောက်ရှိနေပြီဖြစ်သည်။

ယခင်နှစ်က ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၃၀၀ ဈေးနှုန်းဖြင့် ရောင်းချရပြီး ယခုအခါ ပန်းမုန်လာတစ်ပွင့်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် စတင်ရောင်းချရကြောင်း အင်းတောကျေးရွာနေ တောင်သူဦးညွန့်တင်က ပြောပြသည်။

**ညဏ်တိုး(ပေါက်)**



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**ဆားလင်းကြီး နိုဝင်ဘာ ၁၃**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားအစီအစဉ်အရ မြန်မာအမျိုးသမီးငယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောရခြင်း၏ ရည်ရွယ်ချက်များနှင့် မြန်မာအမျိုးသမီးတို့ သိရှိထားရမည့် မက်လုံးပေးမြူဆွယ်ခြင်းမခံကြစေရန်နှင့် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက် မြတ်နိုးတန်ဖိုးထားနိုင်စေရန် စသောအကြောင်းအရာများကို ဆားလင်းကြီးမြို့ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ဇာသွင်၊ မြို့နယ်တရားသူကြီး ဦးရွှေမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညို၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်မော်မော်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဥမ္မာတို့က ရှင်းလင်းဟောပြောခဲ့ကြသည်။ အခမ်းအနားသို့ ဆားလင်းကြီးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီနှင့် နည်းပြဆရာမများ၊ သင်တန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

## ရေးမြို့နယ်တွင် လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေး (ဆိုလာ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရေး နိုဝင်ဘာ ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရေးမြို့နယ်တွင်ဆောင်ရွက်နေသည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေး (ဆိုလာ) စသည့်လုပ်ငန်းများကို တင်ဒါအောင်ထားသောကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်နယ်ဝန်ကြီး ဦးမျိုးညွန့်နှင့် ညွှန်ကြားရေးမှူးဦးမျိုးကြည်၊ မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး နည်းပညာ ဦးမင်းဝေဖြိုးတို့က နှစ်ကရင်ကျေးရွာ ကွန်ကရစ်တံတား ၃၅ ပေနှင့် ပေ ၁၂၀ တံတား ကတ္တရာလမ်း (၂/၀) မိုင် စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာကော်မတီ ၃ ရပ်မှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်များတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့သည်။

**ထွန်းထွန်း(ရေး)**

## အောင်လံမြို့တရော်ကုန်းရပ်ကွက်တွင် ဝါအထွက်တိုးစံပြကွက် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**အောင်လံ နိုဝင်ဘာ ၁၃**

